စကားပုံ ၁၀၀

mgyoe.com

# ကလေးများအတွက် မြန်မာစကားပုံဆိုင်ရာ အသုံးအမများ

ဖြိုးသာရ



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

စကားပုံ ၁၀၀

# ကလေးများအတွက် မြန်မာစကားပုံဆိုင်ရာ အသုံးအမများ

ဖြိုးသာရ



စကားပုံဆိုင်ရာအသုံးအမများဖြစ်သလို
စာစီကုံးရာ(သို့မဟုတ်)စကားပြောဆိုရာတွင်
မှီငြမ်းကိုးကားဖွယ်လည်း ဖြစ်ပါသည်။

PTY0021
2,200.00 KS

mgyoe.com

mgyoe.com

၈၀၈ · ၈၄

ဖြိုးသာရ

စကားပုံ (၁၀၀) ကလေးများအတွက်

မြန်မာစကားပုံဆိုင်ရာအသုံးအမများ / ဖြိုးသာရ ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။

စာမျက်နှာ ၁၉၅ မျက်နှာ၊ ၁၃ · ၂ စင်တီ× ၂၀ · ၅ စင်တီ

(၁) စကားပုံ (၁၀၀) ကလေးများအတွက်

မြန်မာစကားပုံဆိုင်ရာအသုံးအမများ

---

စကားပုံ (၁၀၀) ကလေးများအတွက် မြန်မာစကားပုံဆိုင်ရာအသုံးအမများ

---

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၂၀၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၂၇၀၆၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၂၂၀၀၊ ကျပ်ဖြင့် ဖြန့်ချိသည်။

---

စာအုပ်ချုပ် - ကိုတင်အေး (လှိုင်)

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သားသမီးမကောင်းမိဘခေါင်း | ၁ |
| ၂။ | ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား | ၃ |
| ၃။ | အစကောင်းမှ အနှောင်းသေချာ | ၅ |
| ၄။ | ကျွဲပါးစောင်းတီး | ၇ |
| ၅။ | ဝါးလုံးခေါင်းထဲလသာ | ၈ |
| ၆။ | မြင်းကောင်းနွာလိပ် | ၁၀ |
| ၇။ | ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် | ၁၂ |
| ၈။ | ပိုးဖလံမျိုး မီးကိုတိုး | ၁၃ |
| ၉။ | အချိန်ရှိခိုက် လုံ့လစိုက် | ၁၄ |
| ၁၀။ | ထန်းသီးကြွေခိုက် ကျီးနင်းခိုက် | ၁၅ |
| ၁၁။ | ရိုးရိုးကျင့် မြင့်မြင့်ကြံ | ၁၇ |
| ၁၂။ | ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ် | ၁၉ |
| ၁၃။ | အနာခံမှ အသာစံရ | ၂၀ |
| ၁၄။ | တုံးတိုက်တိုက် ကျားကိုက်ကိုက် | ၂၃ |
| ၁၅။ | သတိမမူ ဂူမမြင် | ၂၅ |
| ၁၆။ | ယုန်တောင်ပြေး ခွေးမြောက်လိုက် | ၂၇ |
| ၁၇။ | မလျှော့မတင်း စောင်းကြိုးညင်း | ၂၉ |
| ၁၈။ | ငါးသိုင်းများတော့ ဟင်းဟုံ | ၃၀ |
| ၁၉။ | ဆိုခဲစေမြဲစေ | ၃၃ |
| ၂၀။ | ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ | ၃၅ |
| ၂၁။ | ပျက်အစဉ် ပြင်ခဏ | ၃၇ |


mgyoe.com

mgyoe.com


၂၂။ ဖားတုလို့ ခရုခုန် ၃၉
၂၃။ ပညာရှိအမျက် အပြင်မထွက် ၄၁
၂၄။ ဆင်သေကို ဆိတ်ရေနဲ့ဖုံး ၄၃
၂၅။ ကြောက်ရင်လွှဲ ရဲရင်မင်းဖြစ် ၄၅
၂၆။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ၄၇
၂၇။ ချက်ဆိုနားခွက်ကမီးတောက် ၄၉
၂၈။ ငါးကြင်းဆီနဲ့ငါးကြင်းကြော် ၅၁
၂၉။ စိန်နားကပ်ရောင်နဲ့ပါးပြောင် ၅၃
၃၀။ ရွှေပင်နားတော့ရွှေကျေး ၅၅
၃၁။ နှမ်းတစ်လုံးနှင့်ဆီမဖြစ် ၅၇
၃၂။ ငါးခုံးမတစ်ကောင်ကြောင့်တစ်လှေလုံးပုပ် ၅၉
၃၃။ ရွှေအကြောင်းဖယောင်းမှသိ၊ လူအကြောင်း ပေါင်းမှသိ ၆၁
၃၄။ မြွေပွေးခါးပိုက်ပိုက် ၆၃
၃၅။ တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက် ၆၅
၃၆။ ကြွေတစ်လှည့်ကြက်တစ်ခုန် ၆၇
၃၇။ လှေခွက်ချည်းကျန်အလံမလှဲ ၆၉
၃၈။ ကြွက်မနိုင်ကျီမီးနဲ့ရှို့ ၇၁
၃၉။ ကြာကြာဝါးမယုံသွား အရိုးကြည့်ရှောင် ၇၃
၄၀။ မြွေမသေတုတ်မကျိုး ၇၅
၄၁။ မျက်နှာသိ ငါးပိမဝယ်ရ ၇၇
၄၂။ ခွေးမြီးကောက် ကျည်တောက်စွပ် ၇၉
၄၃။ အသီးကိုလိုလျှင် အပင်ကိုပျိုး ၈၁
၄၄။ စူဠလိပ်ရေထဲလွှတ် ၈၃
၄၅။ ဒူးနေရာဒူး တော်နေရာတော် ၈၅
၄၆။ ကိုယ်စီးတဲ့မြင်း အထီးမှန်းအမမှန်းမသိ ၈၇
၄၇။ ဘုန်းကြီးစာချ ၈၉
၄၈။ စိုင်ကော်လို့ချုပေါ်ရောက် ၉၁
၄၉။ အချိန်မီချုပ် အစုတ်သက်သာ ၉၃


mgyoe.com

mgyoe.com


၅၀။ အိတ်ပေါက်နဲ့ဖားကောက် ၉၅
၅၁။ မပြည့်တဲ့အိုး ဘောင်ဘင်ခတ် ၉၇
၅၂။ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက် ၉၉
၅၃။ မြေနိမ့်ရာ လှံစိုက် ၁၀၁
၅၄။ နဂါးမှန်းသိအောင် အမောက်ထောင် ၁၀၂
၅၅။ အမှိုက်ကစ ပြာသာဒ်မီးလောင် ၁၀၄
၅၆။ ဆင်ပြောင်ကြီး အမြီးကျမှတစ် ၁၀၆
၅၇။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ၁၀၈
၅၈။ ကြက်ကန်းဆန်အိုးတိုး ၁၀၉
၅၉။ အရိပ်နေနေ အခက်ချိုးချိုး ၁၁၀
၆၀။ လယ်ထွန်သွားနွားမေ့ ၁၁၂
၆၁။ သူ့အိုးနဲ့သူ့ဆန် တန်ရုံခပ် ၁၁၄
၆၂။ ဒီယုန်မြင်လို့ ဒီချုံထွင် ၁၁၆
၆၃။ မိုးလွန်မှ ထွန်ချ ၁၁၈
၆၄။ ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲ ၁၂၀
၆၅။ တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့ ၁၂၂
၆၆။ ငါ့မြင်းငါ့စိုင်း စစ်ကိုင်းရောက်ရောက် ၁၂၄
၆၇။ မျက်နှာသာပေး ရွှေရေးပန်းကန်တက် ၁၂၆
၆၈။ ဆွမ်းဆန်ထဲ ကြက်ချေးရော ၁၂၈
၆၉။ ဒူးလောက်တင်မှ ရင်လောက်ကျ ၁၃၀
၇၀။ ဆင်ကျီစားရာ ဆိတ်မခံသာ ၁၃၂
၇၁။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ၁၃၄
၇၂။ ဟောင်လွန်းတဲ့ခွေး လူမလေး ၁၃၆
၇၃။ မျက်စိကန်း တစ္ဆေမကြောက် ၁၃၈
၇၄။ မြွေပွေးပိုးထိ ၁၃၉
၇၅။ ဆန်ရင်းနာနာဖွပ် ၁၄၀
၇၆။ ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းစု ၁၄၂
၇၇။ မရောင်ရာ ဆီလူး ၁၄၄


mgyoe.com

mgyoe.com


၇၈။ နွားကွဲတော့ ကျားကိုက် ၁၄၈
၇၉။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ၁၄၆
၈၀။ အမိမဲ့သား ရေနည်းငါး ၁၅၀
၈၁။ လှေနံနှစ်ဖက်နင်း ၁၅၂
၈၂။ ကြောင်အိုကြွက်မလေး ၁၅၄
၈၃။ ကုသိုလ်လည်းရဝမ်းလည်းဝ ၁၅၆
၈၄။ ချေအီးချေလန့် ၁၅၈
၈၅။ တန်ဆေးလွန်ဘေး ၁၆၀
၈၆။ မရဲဘဲနှင့် ကျွဲပြစ်ီး ၁၆၂
၈၇။ မသိလျှင်မေး မစင်လျှင်ဆေး ၁၆၃
၈၈။ ဆင်ဖြူတော်မှီ ကြံစုပ် ၁၆၅
၈၉။ ချိုးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက် ၁၆၇
၉၀။ မြွေမြွေချင်း ခြေမြင် ၁၆၉
၉၁။ ဆောက်ဖြစ်မှ ကျောင်းဒကာ ၁၇၀
၉၂။ ငါးပွက်ရာ ငါးစာချ ၁၇၂
၉၃။ လေဖမ်း ဒန်းစီး ၁၇၄
၉၄။ ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း ၁၇၆
၉၅။ ဘူးသီးမှ အရီးတော် ၁၇၈
၉၆။ သမင်မွေးရင်း ကျားစားရင်း ၁၈၀
၉၇။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး ၁၈၂
၉၈။ ထန်းရည်မူး ကျွဲခိုးပေါ် ၁၈၄
၉၉။ ကိုယ်ကောင်း ခေါင်းဘယ်မရွေ့ ၁၈၆
၁၀၀။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ ၁၈၈




mgyoe.com

mgyoe.com

ကလေးတို့ရေ . . .

သည်စာအုပ်ကလေးကတော့ ကလေးတို့အတွက် ဗဟုသုတလည်း ရစေ၊ အသိအလိမ္မာလည်း ရစေနိုင်တဲ့ စာအုပ်ကလေးလို့ ဆိုချင်ပါတယ်။

သည်စာအုပ်ကလေးထဲမှာ ကလေးတို့ ကြားသိဖူးတဲ့ မြန်မာစကားပုံတွေနဲ့ ပတ်သက်ပြီး အန်တီလက်လှမ်းမီသလောက် ရေးပြပေးလိုက်ပါတယ်။

တကယ်တော့ စကားပုံဆိုတာ စကားကို ပုံဆောင်ဥပမာပေးပြီးပြောတာကို ဆိုလိုတယ်။ လူကြီးတွေ စကားပြောတဲ့အခါ အဲဒီစကားပုံလေးတွေပါလာခဲ့ရင် အဓိပ္ပာယ်ကို ကလေးတို့ အလွယ်တကူသိဖို့လိုတယ်။ ကလေးတို့ကိုယ်တိုင်ကလည်း စကားပြောရင်း အလျဉ်းသင့်သလို ထည့်သွင်းအသုံးပြုတတ်ရမယ်။ ဒါမှလည်း စကားအရာ လိမ္မာကြွယ်ဝတဲ့ ချစ်စဖွယ်ကလေးငယ်လေးတွေအဖြစ် အသိအမှတ်ပြုခံကြရမယ်။

အကြောင်းအရာတစ်ခုကို ပြောဆိုရေးသားတဲ့အခါမှာ တိုတိုနဲ့ ထိမိအောင် စကားပုံကို သုံးလေ့ရှိတယ်။ မြန်မာစကားပုံကျမ်းမှာ ဖွင့်ဆိုထားတာကတော့ 'စကားပုံဟူသည် လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်းအသုံးပြုလေ့ရှိသော ထိရောက်ကျစ်လျစ်သည့် စကားရပ်' လို့ ဆိုတယ်။

မြန်မာကလေးများအနေနဲ့ မြန်မာစကားပုံတွေကို သိရှိကျွမ်းဝင်ကြရလိမ့်မယ် ကလေးတို့ရေ။ စကားပုံဆိုတာ လူမျိုးတစ်မျိုးရဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အတွေးအမြင်တွေကိုသာမက စာပေဖွံ့ဖြိုးတိုးတက်လာပုံကိုပါ ပြသတာဖြစ်တယ်။ ဒီတော့ စကားပုံတွေကို အရှည်သဖြင့် တည်တံ့အောင် ထိန်းသိမ်းထားကြရမယ်။ ကလေးတို့မှာ တာဝန်ရှိတယ်နော်။

ဒီတော့ စကားပုံကလေးတွေရဲ့ ဆိုလိုရင်းနဲ့ လမ်းညွှန်မှုလေးတွေကို ဒီစာအုပ်ထဲမှာ အန်တီရေးပေးထားတယ်။ ဖတ်၊ မှတ်၊ နာယူ ထိန်းသိမ်းကြပေတော့နော်။

*ယဉ်ကျေးလိမ္မာပါစေ ကလေးတို့ရေ*

**အန်တီ**

**ပြုံးသာရ**

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# သားသမီးမကောင်း မိဘခေါင်း

လူရယ်လို့ဖြစ်လာရင် ပထမဦးဆုံး ခိုလှုံရတဲ့ရင်ငွေ့ဟာ မိခင်ဖြစ်တယ်။ ပထမဦးဆုံးအားကိုးရတဲ့ အရိပ်ဟာ ဖခင်ဖြစ်တယ်။ လူတစ်ယောက် သာယာချမ်းမြေ့နိုင်ဖို့ဆိုတာ နွေးထွေးတဲ့ရင်ခွင်လိုအပ်သလို အရိပ်အာဝါသကောင်းရှိဖို့လည်း လိုအပ်တယ်ကလေးတို့ရေ။ အဲဒါတွေကို မိနဲ့ဖဆီကသာ ကလေးတို့ ရနိုင်လိမ့်မယ်။

ကလေးတစ်ယောက် စကားစတတ်ဖို့၊ အစာစစားဖို့၊ ပညာစသင်ဖို့ အားလုံးသော အစတွေကို မိဘက စတင်သင်ပြပေးခဲ့တာမဟုတ်လား ကလေးတို့ရေ။ အဲဒီတော့ မိဘဆိုတာ ကလေးတို့အတွက် လက်ဦးဆရာဖြစ်တာပေါ့။

မိဘတွေဟာ တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊ ချမှတ်ခြင်း၊ ရွေးချယ်ပေးခြင်း၊ လမ်းညွှန်ခြင်းစတဲ့ ဝတ္တရားတွေကိုလည်း ထမ်းဆောင်တတ်ကြသေးတယ်။ အဲဒီနေရာမှာ သားသမီးတွေဘက်က နားလည်ထားတတ်ကြဖို့လိုတယ်၊ စေတနာကိုမြင်တတ်ဖို့ လိုတယ်။

လူဆိုတာ တဖြည်းဖြည်း အရွယ်ရောက်လာလေလေ ဆန္ဒဆိုတာ ဖွံ့ဖြိုးလာလေလေဖြစ်တယ်။ အရွယ်ကလေးရလာတာနဲ့ မိဘ သားသမီးအကြားမှာ ကွာဟချက်တွေ ဝင်လာတတ်တယ်။ ပဋိပက္ခတွေ ဖြစ်လာတတ်တယ်။ ကလေးတို့ကို အန်တီမှာချင်ပါတယ်ကွယ်။

ဆန္ဒကို ထိန်းချုပ်ကျင့်မွေးကြပါ။ လူတိုင်းမှာ ဆန္ဒဆိုတာ ရှိကြစမြဲဖြစ်မပေမယ့် ကလေးတို့အရွယ်ဟာ ကိုယ်ဆန္ဒရှိတိုင်း အထိန်းအကွပ်မဲ့လုပ်ပစ်လိုက်ဖို့အခွင့်အရေးမရှိသေးဘူး။ ဘာလို့လဲဆိုတော့ ကလေးတို့ဟာ လူလားမမြောက်ကြသေးလို့ပါ။

mgyoe.com

mgyoe.com


ဒီအချိန်မှာ မိဘကို ချုပ်ချယ်တတ်သူလို့ မမြင်ရဘူး၊ မိဘရဲ့ လမ်းညွှန်မှု၊ ဩဝါဒတွေကို ဖယ်ရှားဆန့်ကျင်တိုက်ခိုက်ဖို့ မကြိုးစားရဘူးနော်။

ကလေးတို့ရဲ့ အရည်အချင်းတွေ တိုးတက်မြင့်မားအောင် လေ့ကျင့်ပျိုးထောင်ရာမှာ မိနဲ့ဖဆိုတဲ့ ရင်ခွင်နဲ့ အရိပ်အောက်မှာလောက် တင့်တယ်လုံခြုံတဲ့နေရာမရှိပါဘူး ကလေးတို့ရေ။ မိဘရဲ့ အဆုံးအမအောက်မှာ လူလားမြောက်ကြပါ။ သားသမီး မလိမ္မာရင် မိဘမှာ တာဝန်ရှိတယ်။ မိဘခေါင်းကြီးရတယ်။ ဒါကြောင့် ဆိုကြတာပေါ့။ သားသမီးမကောင်း မိဘခေါင်းဆိုတာလေ။

သိပ်အရေးပါတဲ့ စကားပုံလေးမို့ သေသေချာချာနားလည်အောင် ကြိုးစားကြပါကွယ်။

၀

mgyoe.com

mgyoe.com


# ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား

ဒီစကားပုံလေးကို ကလေးတို့ ကြားဖူးကြမယ်ထင်ပါတယ်နော်။ 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏' တဲ့။

နွားတွေဟာ စားကျက်ရှိရာကို အုပ်စုလိုက် သွားလေ့ရှိကြတယ်။ ကလေးတို့ရေ အဲဒီအချိန်မှာ ရှေ့ဆုံးကသွားတဲ့နွားကို နွားလားဥသဘ(နွားတို့ရဲ့ ခေါင်းဆောင်) လို့ ခေါ်တယ်။ အဲဒီ နွားလားကြီးက ရှေ့ကနေ ဖြောင့်ဖြောင့် တန်းတန်းသွားမှ နောက်ကလိုက်တဲ့နွားတွေလည်း ဖြောင့်ဖြောင့်တန်းတန်း ပါလာနိုင်မယ်။ ရှေ့ဆုံးနွားက ကောက်ကောက်သွားရင် နွားနောက်လိုက်တွေကလည်း ကောက်ကောက်ကွေ့ကွေ့ပါလာမှာပဲ။ ဒီသဘောကို အခြေခံပြီး ဒီစကားပုံကလေး ဖြစ်ပေါ်လာတာပေါ့ ကလေးတို့ရေ။

အဓိပ္ပာယ်က ရှင်းရှင်းလေးပါပဲကွယ်။ 'ခေါင်းဆောင်ဖြစ်တဲ့သူဟာ ရှေ့က မှန်မှန်ကန်ကန် လုပ်ရမယ်။ ရဲရဲရင့်ရင့် ရင်ဆိုင်ရမယ်။ ဖြောင့်မတ် တည်ကြည်ရမယ်' ဆိုတဲ့သဘောပေါ့။ ဒါမှလည်း နောက်လိုက်ငယ်သားတွေက မမှန်မကန် မကြံစည်မလုပ်ရဲကြဘဲ လမ်းပြသူရဲ့ ဆန္ဒအတိုင်း တစ်သဝေမတိမ်း လိုက်နာကြမှာ ဖြစ်တယ်။

ကလေးတို့လည်း ဒီစကားပုံလေးအတိုင်း လိုက်နာကျင့်သုံးကြရမယ်နော်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကလေးတို့ဟာ ရှေ့ဆောင်လမ်းပြ ဦးစီးခေါင်းဆောင် ဘဝကို ရောက်လာကြမှာဖြစ်တယ်။ အဲဒီအခါ မှန်ကန်တိကျ ဖြောင့်မတ်တည်ကြည်သူတွေ ဖြစ်ဖို့လိုတယ်။

အဲဒီလိုပဲ ကလေးတို့အနေနဲ့ ရှေ့ဆောင်ညွှန်ပြသူတစ်ဦးတစ်ယောက်ရဲ့ နောက်ကနေ လိုက်ပါရတဲ့အခါမျိုးလည်း ကြုံရလိမ့်ဦးမယ်။

mgyoe.com

mgyoe.com


ဥပမာ ကလေးတို့ရဲ့ မိဘ၊ ဆရာ၊ အတန်းခေါင်းဆောင်၊ အသင်းခေါင်းဆောင် စသဖြင့်ပေါ့နော်။ အဲဒီလို ဦးဆောင်သူတွေရဲ့နောက်က လမ်းချော်မထွက်ဘဲ လိုက်ပါနိုင်အောင် ကြိုးစားရမယ်။ လမ်းဖြောင့်အတိုင်း လိုက်တတ်အောင်လည်း ကလေးတို့ မျက်ခြည်မပြတ် သတိရှိရမယ်။

ဒါကြောင့် ဒီစကားပုံလေးကို ကလေးတို့တစ်သက်လုံး မမေ့မလျော့ရှိကြဖို့ အနံ့တီ မှာလိုက်ပါရစေ။

၀

mgyoe.com

mgyoe.com


# အစကောင်းမှ အနှောင်းသေချာ

အစကောင်းရမယ် ကလေးတို့ရေ

အစဆိုတာ သိပ်အရေးကြီးတယ်။ ပညာသင်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ အလုပ်လုပ်တဲ့နေရာမှာပဲဖြစ်ဖြစ် အစကောင်းမှ အဆုံးသတ်လှမယ်။ ဒါဟာ နိယာမသဘာဝတစ်ခုပါပဲ။

ကလေးတို့အရွယ်ဟာ ဘဝတစ်ခုကို စတင်ထုဆစ်နိုင်ဖို့ အရှိန်ယူနေရတဲ့အချိန်ကာလထဲမှာ ရောက်နေတာဖြစ်တယ်။ အရှိန်ကောင်းဖို့ဆိုတာ အားဖြည့်နိုင်မှုလိုတယ်။

အပြေးပြိုင်ပွဲတစ်ခုလိုပေါ့ကွယ်။ အစမှာ ရှိသမျှအားနဲ့ တာထွက်ရမယ်လေ။ အလယ်မှာ ပုံမှန်ပြေးနေရမယ်။ ပန်းတိုင်ရောက်ခါနီးရင်တော့ အားသွန်ပြေးရမှာမျိုးပေါ့။ အစမှာ ရုန်းထွက်အားမကောင်းခဲ့ရင် မတ်တတ်ရပ်ပြီး လမ်းမှာငိုကျန်ခဲ့ရလိမ့်မယ် ကလေးတို့ရေ။

ဒါကြောင့် ယှဉ်ပြိုင်ရင်ဆိုင်ကြိုးစားမှ တိုးတက်ထူးချွန်နိုင်မယ့် 'ဘဝ' ဆိုတဲ့ပြေးလမ်းမှာ ကလေးတို့ပန်းတိုင်မဲ့သူ မဖြစ်ရဘူးနော်။ ပန်းတိုင်မရောက်ခင်နောက်ကောက်ကျ ကျန်ရစ်ခဲ့သူလည်း မဖြစ်စေရဘူး။ ဒီတော့ အစကောင်းဖို့လိုတယ်။

ဘဲဥအစရှာမရသလိုဘဝမျိုးဆိုရင်တော့ သုညနဲ့ အလားသဏ္ဌာန်တူပြီးဘာတန်ဖိုးမှ ရှိမှာမဟုတ်ဘူး။

ဒီအရွယ်ကတည်းက စွမ်းအားစိုက်ထုတ်ချင်စိတ်ကို မွေးပါ။ ရေသာခိုလိုစိတ်ကို ဖယ်ရှားပါ။ သူတစ်ပါးရဲ့အားထုတ်မှုကို အတုယူပါ။ အတုခိုးလိုစိတ်ကို မမွေးပါနဲ့။

အစရှိ နှောင်းနှောင်းဆိုတဲ့စကားလိုပဲ မကောင်းမှုကိုလည်း ဘယ်တော့မှ

mgyoe.com

mgyoe.com


အစမပျိုးမိပါစေနဲ့။ နှောင်အခါကျမှ ဖြတ်ရခက်ရင် ဘဝပျက်ရတတ်ပါတယ်။

ဒါကြောင့် ကလေးတို့အနေနဲ့ အစကောင်းဖို့ မိဘစကား နားဝယ်ထားပါ။ ကြိုးစားနိုးကြားပါ။ ဆည်းပူးလေ့လာပါ။ တွေးတောဆင်ခြင်ပါ။ နှောင်တဆိုတဲ့ ဝေါဟာရကို ကလေးတို့ဘဝနဲ့ ဘယ်သောအခါမှ မရင်းနှီးလာပါစေနဲ့နော်။

၀

mgyoe.com

mgyoe.com


# ကျွဲပါးစောင်းတီး

ကလေးတို့ မကြာခဏ ကြားဖူးနေမယ့် စကားပုံလေးလို့ အန်တီထင်ပါတယ်။ ပြောစကားနားမထောင်တဲ့ ကလေးတွေကို လူကြီးတွေက ဒီစကားပုံလေးနဲ့ ခိုင်းနှိုင်းတတ်ကြတယ်မဟုတ်လား။ ဘာအဓိပ္ပာယ်လဲဆိုတာ ကလေးတို့ နားလည်ကြမှာပါနော်။

ကျွဲဆိုတာ တိရစ္ဆာန်ဖြစ်တယ်။ သူက ဂီတကို ခံစားနိုင်ပါ့မလား ကလေးတို့ရေ။ ကျွဲရဲ့အနားမှာ စောင်းသွားတီးပြနေလို့ ဘာအကျိုးမှ မရှိနိုင်ဘူးနော်။ ဘယ်လောက်ကျွမ်းကျင်တတ်မြောက်တဲ့ စောင်းသမားဖြစ်ပါစေ ကျွဲရဲ့အပါးမှာ သွားတီးနေလို့တော့ ဘယ်နည်းနဲ့မှ အသိအမှတ်ပြုခံရမှာမဟုတ်ဘူး။

ဒီသဘောအတိုင်းပါပဲကွယ်။ ဆိုဆုံးမရခက်ခဲတဲ့ကလေးတွေကို ကျွဲနဲ့နှိုင်းပြီး တိရစ္ဆာန်နဲ့အတူတူပဲလို့ လူကြီးတွေက မချင့်မရဲပြောတတ်ကြတယ်။ ကလေးတို့က လူကလေးတွေနော်။ လူဆိုတာ အသိဉာဏ်ရှိတယ်။ မှတ်ဉာဏ်ရှိတယ်။ အဲဒီအတွက် ဆင်ခြင်တုံတရားဆိုတာ ရှိရမယ်။

ဆိုဆုံးမစကားကို နာခံတတ်ခြင်းဟာ မင်္ဂလာဖြစ်တယ်ကလေးတို့ရေ။ လူကြီးမိဘတွေ ဆုံးမသွန်သင်စကားကို နာခံတတ်ရတယ်။ ပြောချင်တာပြောပါစေ၊ ကိုယ့်ဘာသာကိုယ် လုပ်ချင်ရာလုပ်မယ်။ ပြန်မပြော နားမထောင်ဆိုရင် ကလေးတို့က ကျွဲနဲ့ အတူတူဖြစ်သွားမှာပေါ့။

ကျွဲကလေးတွေ မဖြစ်ပါစေနဲ့ကလေးတို့ရေ။ နောက်ပြီး ကလေးတို့ ကိုယ်တိုင်လည်း ကျွဲရဲ့အပါးမှာ စောင်းသွားမတီးမိစေနဲ့ဦး။ မသိနားမလည်တဲ့သူကို ဆရာသွားပြီး လုပ်မိတဲ့အခါ ကိုယ်က အရူးဖြစ်ရတတ်တယ်။

ကိုယ်က ဘယ်လောက်ပဲ တော်နေတော်နေပါစေ။ မလိုချင်တဲ့သူကို သွားပေးမိရင် သဲထဲရေသွန်သလို အရာမဝင်ဖြစ်သွားရတတ်တယ်။ မှတ်ထားကြနော်။


mgyoe.com

mgyoe.com


# ဝါးလုံးခေါင်းထဲ လသာ

ကမ္ဘာပေါ်မှာ လူဦးရေသန်းပေါင်းခြောက်ထောင်ကျော်ရှိတယ် ကလေးတို့ရေ။ မြန်မာနိုင်ငံမှာတော့ လူဦးရေ သန်းငါးဆယ်ကျော်ရှိတယ်။ အဲဒီအထဲမှာ ကလေးက တစ်ယောက်အပါအဝင်ဖြစ်ရတာနော်။

ဒီတော့ ကိုယ့်အသိုက်အမြုံကလေးထဲမှာ ကိုယ်က အတော်ဆုံးဖြစ်နေရတာကို ကလေးတို့ ဘာမှ ဂုဏ်ယူနေစရာမရှိဘူး။ အဲဒါကို ဝါးလုံးခေါင်းထဲ လသာတယ်လို့ ခေါ်တယ်။ ကိုယ့်နေရာမှာတော့ ကိုယ်က လူစွမ်းကောင်းပေါ့။ ဒါပေမဲ့ အပြင်လောကနဲ့ယှဉ်လိုက်တဲ့အခါ ကိုယ်က ဘာမှမဟုတ်တော့ဘူး။

ဒီစကားပုံလေးက ကိုယ့်ကိုယ်ကိုယ် အထင်မကြီးကြဖို့၊ ဘဝင်မမြင့်ကြဖို့ သတိပေးထားတာဖြစ်တယ်။ ဝါးလုံးခေါင်းထဲမှာ လသာနေရုံလောက်နဲ့ လင်းလှ ထိန်လှပြီဆိုပြီး တင်းတိမ်နေလို့မဖြစ်ဘူး ကလေးတို့ရေ။

လောကကြီးမှာ ကိုယ့်ထက်သာသူတွေ တစ်ပုံကြီးရှိတယ်။ သူ့ထက်သူ လူစွမ်းကောင်းချည်းပဲလို့ ဆိုကြတယ်။ ဒီတော့ ဘယ်သောအခါမှ ကိုယ်က အတော်ဆုံး၊ အတတ်ဆုံး၊ အမြင့်ဆုံးလို့ မထင်နဲ့လေ။ အဆုံးမဲ့တဲ့ လောကကြီးထဲမှာ အမြင့်ဆုံးဆိုတာ မရှိဘူး။ ဆက်၍ ဆက်၍ တက်နေရဦးမယ်ကလေးတို့ရေ။ တက်နိုင်သလောက်အထိ ရောက်အောင်ပေါ့ကွယ်။

ကလေးတို့ရဲ့ ပန်းတိုင်ဆိုတာဟာလည်း တစ်ခုပြီးရင် ရပ်သွားလို့မှ မဖြစ်တာနော်။ ပန်းတိုင်တွေ ဆင့်ကာဆင့်ကာတိုးပြီး လှမ်းသွားရမှာ။

ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ လူဖြစ်လာမှတော့ ကိုယ်ကို လူတွေနေထိုင်ရာ ဟောဒီကမ္ဘာကြီးကို တစ်ထောင့်တစ်နေရာက အကျိုးပြုနိုင်သူဖြစ်ဖို့လိုတာပေါ့။ ကလေးတို့ဖြစ်အောင်ကြိုးစားရမယ်လေ။ တစ်နေရာလေးတည်းမှာ ကွက်ပြီးသာနေတဲ့ လလို မဖြစ်ရဘူးနော်။ အဓိကကတော့ ကလေးဟာ ကလေးအတွက်မဟုတ်ဘဲ

mgyoe.com

mgyoe.com


အများအတွက် ဖြစ်ရမယ်ဆိုတဲ့အချက်ပဲ။

အများအတွက် ရှင်သန်ခဲ့ကြသူတွေဟာ ဘယ်တော့မှ မသေကြဘူးကလေးတို့ရေ။ သူမရှိပေမယ့် သူ့နာမည်ကတော့ တွင်ကျန်နေရစ်ခဲ့တယ်။ အားကျ အတုယူလိုက်စမ်းပါကွယ်။

၀

mgyoe.com

mgyoe.com


# မြင်းကောင်း ခွာလိပ်

ကလေးတို့အတွက် သတိပေးထားတဲ့ စကားပုံလေးတစ်ခုကတော့ 'မြင်းကောင်းခွာလိပ်မဖြစ်စေနဲ့' ဆိုတာပါပဲ။ ပြိုင်ပွဲမှာ ရှေ့ဆုံးက ပန်းဝင်အောင်ပြေးနေနိုင်တဲ့ မြင်းကောင်းတစ်ကောင်ဟာ ပန်းဝင်ခါနီးမှ ခွာလိပ်ပြီး လဲကျသွားတယ်ဆိုတဲ့အဓိပ္ပာယ်ပေါ့ကွယ်။ ဘယ်လောက် နှမြောဖို့ကောင်းသလဲ၊ ဘယ်လောက်ရင်နာဖို့ ကောင်းသလဲနော်။

ကလေးတို့ရဲ့ ဘဝမှာလည်း အဲဒီလိုအဖြစ်မျိုး ကြုံလာနိုင်တယ်နော်။ ဘယ်လို ကာကွယ်ကြရမလဲ။ သိကြရဲ့လား။ စပြေးကတည်းက မြင်းရဲ့ခွာကို ဂရုစိုက်ပေးရလိမ့်မယ်။ မကြာခဏပြုပြင်ပေးရမယ်။ စစ်ဆေးရမယ်လေ။ အနားကပ်မှ အပြစ်ရှာတွေ့ရင် ပြင်ဆင်ချိန်မရနိုင်တော့ဘူး။

ပညာဘယ်လောက်တော်တဲ့ကလေးပဲဖြစ်ဖြစ် သတိလက်လွတ် ချွတ်ချော်မှားယွင်းတာမျိုး ရှိတယ်။ သတိထားရမယ်။ အချိန်တိုင်းမှာ အာရုံစိုက်ထားကြရမယ်။

ကလေးတို့အနေနဲ့ ပညာသင်ကြားတဲ့နေရာမှာပဲဖြစ်ဖြစ်၊ အလုပ်တစ်ခုကို ပြီးမြောက်အောင်မြင်ဖို့ ကြိုးစားတဲ့အခါမှာပဲဖြစ်ဖြစ် စကတည်းက ခိုင်မာအောင် ပျိုးထောင်တတ်ကြရမယ်။ ကိုယ့်လုပ်ပုံကိုင်ပုံ မှန်မမှန်ကိုလည်း ပြန်စဉ်းစားသုံးသပ်တတ်ရမယ်။ ပြုပြင်တတ်ရမယ်။

တာဝေးအပြေးသမားတွေ ပြိုင်ပွဲဝင်တာ ကလေးတို့ ကြည့်ဖူးကြသလား။ တာထွက်တဲ့အချိန်မှာ ဘယ်တော့မှ အလျှဉ်စလိုမရှိကြဘူးနော်။ မှန်မှန်နဲ့ မြန်မြန် အမောခံနိုင်အောင် ပြေးကြတယ်။ ပန်းဝင်ခါနီးပြီဆိုမှ တက်သုတ်ရိုက်စွမ်းအားရှိသလောက် ခြေကုန်ပြေးကြတယ်။ ဒါမှလည်း နည်းစနစ်မှန်ပြီး မြင်းကောင်းခွာလိပ်မဖြစ်တော့ဘူးပေါ့။

mgyoe.com

mgyoe.com


ဒီသဘောကို အမြဲနှလုံးသွင်းပြီး နေရာတိုင်းမှာ ဆင်ခြင်ကြပါ။ သတိထားကြပါ။ ဂရုစိုက်ကြပါ ကလေးတို့ရေ။ မြင်းကောင်းကလေးတွေ ခွာမလိပ်ကြပါစေနဲ့နော်။

ဝ

mgyoe.com

mgyoe.com


# ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်

စခဲ့ပြီဆိုမှတော့ အဆုံးသတ်ဖို့လိုတယ်ကလေးတို့ရေ။ ဒီစကားပုံလေးအတိုင်းပေါ့။ ရေနက်ထဲကို ငုပ်မိပြီဆိုရင်လည်း အောက်ခြေက သဲမျက်နှာပြင်ထိရောက်အောင် ငုပ်ရမယ်။ အမြင့်ကိုတက်ပြီဆိုရင်လည်း ထိပ်ဖျားအထိရောက်အောင် တက်ရမယ်ဆိုတဲ့ သဘောပါပဲ။

အလုပ်တစ်ခုကို တိုးယိုးတန်းလန်း ပစ်ထားခဲ့တာမျိုး ဘယ်တော့မှ မဖြစ်ပါစေနဲ့ ကလေးတို့ရေ။ စကတည်းက မဖြစ်နိုင်မှန်းသိရင် မလုပ်ဖို့လိုပါတယ်။ တချို့က ဂုဏ်ယူလိုစိတ်၊ မာနစိတ်နဲ့ မဖြစ်နိုင်တာ လုပ်တတ်ကြတယ်။ အဲဒါမျိုး ရှောင်ပါကလေးတို့ရယ်။

တချို့ကျတော့လည်း လုပ်ရင်းကိုင်ရင်းနဲ့ အာရုံများတတ်ကြတယ်။ ဆွဲဆောင်မှုတွေနောက်ကို လိုက်ပါသွားမိတတ်ကြတယ်။ ဆုံးဖြတ်ချက် မခိုင်မာတဲ့သူတွေပေါ့ကွယ်။

ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်။ ဘယ်လိုမှ မဖြစ်နိုင် မရနိုင်တော့မှန်းသိတဲ့ ကိစ္စတစ်ခုအတွက်တော့ဖြင့် အချိန်ကုန်လူပင်ပန်းခံပြီး ဟန်မပျက် ဆက်မလုပ်ပါနဲ့။ ရေရှည်မှာ အကျိုးမရှိနိုင်မယ့် ကိစ္စအတွက် အရှုံးနဲ့နောက်ပြန်လှည့်လိုက်ဖို့ သတ္တိမွေးပါ။ ဘဝဆိုတာ လုပ်သမျှဖြစ်ရမယ်ဆိုတဲ့ ပုံသေနည်းမရှိပါဘူး။

လုပ်တိုင်းဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ လုပ်တော့လုပ်ကြည့်ပါ။ ဖြစ်မှာမဟုတ်ပါဘူးဆိုတဲ့ အားငယ်စိတ်နဲ့ထိုင်နေတာထက်စာရင် ဖြစ်နိုင်ကောင်းရဲ့လို့ အားမွေးပြီး ကြိုးစားကြည့်တာ မမှားပါဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ သိရတဲ့အခါ နောက်ဆုတ်လက်လျှော့လိုက်ပါ။ အဲဒီအတွက် နောင်တရစရာမလိုပါဘူး။ သင်ခန်းစာကိုပဲ ယူလိုက်ပါ။

တစ်ခုမရရင် တစ်ခုရရမှာပေါ့။

ဘာတစ်ခုမှမရဘဲနဲ့တော့ လှည့်ပြန်မလာလေနဲ့၊ မြဲမြဲမှတ်ပါ ကလေးတို့ရေ။


mgyoe.com

mgyoe.com


# ပိုးဖလံမျိုး မီးကိုတိုး

မီးဆိုတာ ပူတယ်ကလေးတို့ရေ။ ဒါကို သိလျက်နဲ့ မီးရှိရာကို တိုးသွားတတ်တဲ့ ပိုးဖလံမျိုးတွေ ကလေးတို့ တွေ့ဖူးကြမှာပါ။ ကလေးတို့အိမ်က မီးသီးတွေ၊ မီးချောင်းတွေမှာ တိုးကပ်ရင်း ပြုတ်ကျသေကြေကုန်တဲ့ ပိုးဖလံကလေးတွေ အများကြီးပါပဲနော်။

အဲဒီသဘောအတိုင်းပါပဲကွယ်။

လူတွေဟာလည်း မကောင်းတာကို မကောင်းမှန်းသိလျက်နဲ့ မရှောင်ကြဉ်နိုင်တတ်ကြဘူး။ ဥပမာပြောရရင် ဆေးလိပ်သောက်ခြင်းဟာ ကျန်းမာရေးကို ထိခိုက်စေတယ်။ ဒါကို လူတိုင်းသိကြပါလျက် ဆေးလိပ်သောက်သူတွေ အများကြီးရှိတယ်မဟုတ်လား။ အဲဒီလိုပဲ အရက်သောက်ခြင်းဆိုတဲ့အမှုဟာ ဘယ်ဘုရားကမှ မကြိုက်တဲ့ မကောင်းမှုဖြစ်မှန်းသိနေကြပေမယ့် မဖြတ်နိုင်ကြပြန်ဘူး။ အဲဒီလို လူတွေဟာ ပိုးဖလံလိုလူမျိုးတွေပေါ့ ကလေးတို့ရေ။

လူရယ်လို့ဖြစ်လာရင် ဆင်ခြင်တုံတရားကို မွေးမြူထားဖို့လိုတယ်။ ချုပ်တည်းနိုင်ခြင်းဆိုတာဟာလည်း လူကောင်းတစ်ယောက်အတွက် လိုအပ်တဲ့အရည်အချင်းပဲပေါ့။ အရေးကြီးတာကတော့ ကောင်းခြင်းနဲ့ မကောင်းခြင်းကို ခွဲခြားသိနိုင်ဖို့ပဲ။

ဆွဲဆောင်မှုရှိတိုင်း ကောင်းတယ်လို့ မထင်နဲ့ ကလေးတို့ရေ။ တစ်ခဏတာ ပျော်ရွှင်ရတာလေးကို မမက်မောနဲ့။ အန္တရာယ်ဆိုတာ မြင်တတ်ရတယ်။ ကြာကြာဝါးမယ့်သွားဆိုတာ အရိုးကို ကြည့်ရှောင်တတ်ရတယ်။

ပူမှန်းမသိဘဲကိုင်မိလို့ အပူလောင်တယ်ဆိုရင်မှ တော်သေးတယ်။ သိသိကြီးနဲ့ သွားကိုင်လို့ အလောင်ကျွမ်းခံရရင် ဘယ်သူကမှ မသနားဘူးနော်။

ပိုးဖလံကလေးတွေ မဖြစ်ကြစေနဲ့။ မကောင်းမှုဆိုတာ မီးလိုပဲ ဆွဲဆောင်တတ်တယ်။ သတိထားပြီး ရှောင်ကြရမယ်။ နားလည်ကြရဲ့လား။

○

mgyoe.com

mgyoe.com


# အချိန်ရှိခိုက် လုံ့လစိုက်

စောင့်နေရပြီဆိုရင် အဲဒီအချိန်က အရမ်းကြာတာပဲလို့ လူတွေပြောကြတယ် ကလေးတို့ရေ။ အချိန်ကျလာပြန်တော့ ကိုယ့်ဆန္ဒနဲ့ ထပ်တူမကျခဲ့ရင် ကံကြမ္မာကို အပြစ်ပုံချတတ်ကြပြန်ရော။ ဒါနဲ့ပဲ လူအများစုရဲ့ အဘိဓာန်မှာ အချိန်ညီမျှခြင်း ကံကြမ္မာရယ်လို့ ဖြစ်လာတော့တယ်။ ဘာပဲဖြစ်ဖစ် အချိန်ကို လွှဲချတော့တာပါပဲ။

ကလေးတို့ရေ ... အချိန်ကို မစောင့်ပါနဲ့။ အချိန်ကို သီးခြားလွတ်လပ်ခွင့်ပေးလိုက်ပါ။ ကိုယ်လုပ်စရာရှိတာကို ကိုယ့်ဘာသာလုပ်ပါ။ ရတဲ့အချိန်မှာ လုပ်နိုင်သလောက်လုပ်ပါ။ မရတဲ့ အချိန်ကို လှမ်းမျှော်မနေပါနဲ့။ အချိန်ဆိုတာ အမြဲတမ်းရှိနေတဲ့ အမှန်တရားပါ။

လူတစ်ယောက်အတွက် အချိန်ဆိုတာ သူမသေမချင်း ရှိနေမယ့် ပိုင်ဆိုင်မှုဖြစ်တယ်။ အချိန်မရှိတော့ဘူးလို့ ဘယ်တော့မှ မတွေးပါနဲ့။

လူတွေက အချိန်ကုန်သွားပြီလို့ ပြောတတ်ကြသေးတယ်။ အန်တီကတော့ လက်မခံဘူးနော်။ အချိန်ဆိုတာ တစ်နေ့ပြီးတစ်နေ့၊ တစ်ပတ်ပြီး တစ်ပတ်၊ တစ်ရာသီပြီးတစ်ရာသီ၊ တစ်နှစ်ပြီးတစ်နှစ် အထပ်ထပ် အဖန်ဖန် လှည့်ပတ်သွားနေတဲ့ ယန္တရားတစ်ခုပဲ။

ဘယ်အရာမှ လုပ်ယူလို့မရနိုင်သလို အချိန်ကိုလည်း လုပ်ယူလို့မရပါဘူး ကလေးတို့ရေ။ အန်တီပြောချင်တာကတော့ ဘာကိုပဲလုပ်လုပ် အချိန်ကို မပုတ်ခတ်ဖို့၊ အချိန်ကို ဆွဲမထည့်ဖို့၊ အချိန်ကို လွှဲမချဖို့ပါပဲ။

အချိန်ရှိခိုက် လုံ့လစိုက်ဆိုတဲ့ စကားပုံလေးအတိုင်း အမြဲတမ်းရှိနေတဲ့ အချိန်တွေမှာ အမြဲတမ်း အားထုတ်ကြိုးပမ်းနေရမယ်။

တကယ်တော့ နေဝင်သွားတယ်ဆိုတာ လကွယ်ညထဲ ဆွဲထည့်ခံရတာ မဟုတ်ဘူးနော်။ အရဏ်နဲ့အတူ နိုးထဖို့အတွက် နှစ်ခြိုက်စွာ အိပ်ပျော်နိုင်အောင် ကြိုးစားပါ။ ကလေးတို့ နားလည်နိုင်ပါစေ။

o

mgyoe.com

mgyoe.com


# ထန်းသီးကြွေခိုက် ကျီးနင်းခိုက်

အမှန်ကတော့ ထန်းသီးက ကြွေကျတာပါ။ အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကျီးကလေးက အဲဒီထန်းသီးအကိုင်းကို တက်နင်းလိုက်မိတယ်။ အဲဒီတော့ ကျီးက နင်းလို့ပဲ ထန်းသီးကြွေကျရသလို ဖြစ်သွားရလေရဲ့။

အဓိပ္ပာယ်ကတော့ လောကကြီးမှာ တိုက်ဆိုင်မှုဆိုတာတွေ ရှိနေတတ်တယ်ဆိုတဲ့ သဘောပါ။ နာမည်တူမရှား၊ လူတူမရှားဆိုတဲ့ စကားတောင် ရှိသေးတယ်လေ။

တစ်ခါတလေမှာတော့ အဲဒီတိုက်ဆိုင်မှုဆိုတာက အံ့သြစရာကောင်းလောက်အောင်ကိုပဲ ထူးဆန်းနေတတ်တယ်။ အဲဒါကို လူတွေက နိမိတ်ပြတယ်ဆိုပြီး ပြောတတ်ကြတယ်။ လက်ထဲက ဖန်ခွက်တစ်ခု လွတ်ကျကွဲတဲ့အချိန် ကိုယ့်အိမ်မှာ တစ်ယောက်ယောက် ဒုက္ခရောက်နေတာမျိုးပေါ့ကွယ်။

ကလေးတို့ရေ မမြင်နိုင်တဲ့ လောကဓာတ်ပညာရဲ့ ဆန်းကြယ်မှုဆိုတာ ရှိနေတတ်တာ မှန်ပါတယ်။ ဒါပေမဲ့ ဥပါဒါန်ကြောင့် ဥပဒ်ရောက်မသွားကြစေနဲ့နော်။

လောကကြီးမှာ ဖြစ်ချိန်တန်ဖြစ်မှာပဲ၊ ပျက်ချိန်တန်ပျက်မှာပဲ။ ဒါဟာ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ နိယာမတရားဖြစ်တယ်။ ငါ့ပယောဂကြောင့် သူဒုက္ခရောက်ရရှာတယ်ဆိုတဲ့ ကြေကွဲမှုမျိုးနဲ့ နောင်တမရစေချင်ဘူး။ လုပ်သင့်လုပ်ထိုက်တာကို နောက်မတွန့်ဘဲ လုပ်ဖို့လိုတယ်။ နောက်ဆံတင်းခြင်းဆိုတာ ဆုတ်ယုတ်မှုကို ရရှိစေတတ်တယ်။

လူမှာ မွေးကတည်းက ဘယ်အချိန် ဘာဖြစ်မယ်ဆိုတဲ့ နဖူးစာပါလာပြီးသားဖြစ်တယ်။ ဒါပေမဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး လက်ပိုက်နေလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူးနော်။ လူဖြစ်လာရင် လူကောင်းသူကောင်းဖြစ်အောင် ကြိုးစားရမယ်။

mgyoe.com

mgyoe.com


ရှိးသားစွာ မှားယွင်းပါစေ၊ အမှတ်တမဲ့မှားယွင်းမှုကို အမှတ်တရ သင်ခန်းစာရယူ ပြုပြင်ပါ။

တစ်ခုတော့ရှိတယ်။ ကိုယ်နင်းလိုက်ရင် မုချကြွေတော့မယ့် ထန်းသီးအကိုင်းပေါ်ကိုတော့ တမင်သက်သက် နင်းချမပစ်မိစေနဲ့၊ ဟုတ်လား။

o

mgyoe.com

mgyoe.com


# ရိုးရိုးကျင့် မြင့်မြင့်ကြံ

ရိုးသားခြင်းဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့ ဂုဏ်သိက္ခာတစ်ရပ်ဖြစ်တယ် ကလေးတို့ရေ။ ကလေးတို့ရဲ့ ဘဝတစ်လျှောက်လုံး ပိုင်ပိုင်ဆုပ်ကိုင်ထားနိုင်ဖို့လို တယ်။

လူတွေဟာ အတ္တနဲ့ မကင်းနိုင်ကြဘူး။ ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ် တော့ ချစ်ကြသူချည်းပေါ့။ ကိုယ့်ဘဝကို မြင့်မားတိုးတက်အောင် တည်ဆောက် တာတွေ၊ ကိုယ့်ပညာကို ထူးချွန်ထက်မြက်အောင် အားထုတ်တာတွေဟာ အတ္တ ရဲ့သဘောတရားတွေပဲ မဟုတ်လား။

ဒါပေမဲ့ အဲဒီအတ္တဟာ ရိုးသားဖို့လိုတယ်။ ကိုယ်ကောင်းဖို့အတွက် တစ်ပါးသူပျက်အောင် အကွက်မချကြဖို့လိုတယ်။ မြင့်မြတ်တဲ့ အကြံအစည်ကို တွေးတောကြံဆပြီး မြင့်မားတဲ့ ဘဝကို တည်ဆောက်ကြရမယ်လို့ ဒီစကားပုံလေး က လမ်းညွှန်နေလေရဲ့။

ကလေးတို့ရေ။ ဘဝတစ်ခု ဖန်တီးထုဆစ်တဲ့နေရာမှာ အဝေးပြေးပြိုင်ပွဲ ဝင်ပါ။ လက်ဝှေ့ကြိုးဝိုင်းထဲကို မဝင်ပါနဲ့နော်။ ယှဉ်ပြေးလို့ ကျန်ခဲ့တဲ့သူဟာ သူ့ အရည်အချင်းနဲ့သူ အဆုံးအဖြတ်ခံယူသွားရတာမျိုးပါ။ ကိုယ်အနိုင်ရဖို့အတွက် တစ်ဖက်လူနာကျင်လဲပြိုအောင် ထိုးနက်ပြီးမှ သရဖူရရမယ့်အဖြစ်မျိုးကတော့ မတရားလွန်းရာကျတယ်ကလေးတို့ရေ။

ဘယ်လိုပဲ ရိုးသားပါတယ်ဆိုဆို လက်ဝှေ့ကြိုးဝိုင်းထဲမှာ ယှဉ်ပြိုင်ထိုးသတ် ကြတယ်ဆိုရင် မရိုးမသားအကွက်ကောင်းစောင့် ချောင်ပိတ်ထိုးတဲ့ အပြုအမူဆိုး တွေကို အသုံးပြုကြရတာပဲမဟုတ်လား။ အန်တီကတော့ ကလေးတို့ကို ဘောက် ဆင်သမားလေးတွေမဖြစ်စေချင်ဘူးကွယ်။ ရိုးသားစွာ အနိုင်ယူကြစေချင်တယ်။

ရိုးသားရမယ်ဆိုပေမယ့် ရိုးရိုးအေးအေးကြီးနဲ့ ထိုင်နေဖို့မလိုဘူးနော်။ နိုး

mgyoe.com

mgyoe.com


ကြားရမယ်၊ ကြိုးစားရမယ်၊ တွေးတောရမယ်၊ ကြံစည်ရမယ်၊ ဘဝကို မြင့်သထက် မြင့်အောင် လှေကားထောင်တက်ရမယ်။

အေး ... ဒါပေမဲ့ ကလေးတို့နင်းတက်တဲ့ လှေကားထစ်တွေဟာ တစ်ပါးသူရဲ့ ကျောကုန်းတွေ၊ လည်မျိုတွေမဖြစ်ဖို့လိုတယ်။ လှေကားတစ်စင်းကို ကိုယ့်အစွမ်းအစနဲ့ ပြင်ဆင်ထောင်မတ်ပြီးမှ အဲဒီလှေကားကို ရိုးသားစွာ တက်ပါ၊ ချော်မကျအောင် သတိထားပါ၊ ကျော်လွှားမတက်ပါနဲ့၊ ခပ်သွက်သွက်တက်ပါ၊ မြင့်နိုင်သလောက် မြင့်သွားပါစေ။ အရေးကြီးတာ အဲဒီလှေကား ခိုင်ဖို့ပါပဲ။

○

mgyoe.com

mgyoe.com


# ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်

ဘယ်အရာမဆို ကြိုတင်ပြင်ဆင်မှုဆိုတာ အရေးကြီးကြောင်း မီးမောင်းထိုးပြတဲ့ စကားပုံလေးဖြစ်တယ်ကလေးတို့ရေ။ စီးချင်းထိုး တိုက်ခိုက်တော့မယ့်ဆင်ဟာ နောက်ကိုတစ်လှမ်းဆုတ်ပြီး အားယူတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ တာကစပြီး ထွက်တော့မယ့်အပြေးသမားတွေလိုမျိုးပေါ့ကွယ်။

အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် ကြိုတင်စီစဉ်ထားရတယ်။ ဟာကွက်မရှိအောင် ပိတ်ဆို့ဖြည့်စွက်ထားနှင့်ရတယ်။ လမ်းဖောက်လမ်းရှင်းပြီးမှ လမ်းလျှောက်တဲ့အခါ ပိုပြီး ဖြောင့်ဖြူးမယ်မဟုတ်လားကလေးတို့ရယ်။

အရှိန်ရဖို့အတွက် နောက်ပြန်အားယူရတယ်လေ။ အနိုင်လိုချင်တဲ့သူဟာ အခွင့်အခါကောင်းကို စောင့်ဆိုင်းတတ်ရပေါ်ယ်။ ကမူးရှူးထိုး မလုပ်ရဘူး၊ တစ်ဇွတ်ထိုးမလုပ်ရဘူး၊ လျှပ်တစ်ပြက် ဆုံးဖြတ်ချက်ဆိုတာ ဦးနှောက်ရဲ့ ဆင်ခြင်မှုမပါတတ်ဘူး။ ဒါကြောင့် ဘယ်နေရာမဆို စဉ်းစားချင့်ချိန်ပြီးမှ ဆောင်ရွက်ကြရမယ်။

တချို့လူတွေဟာ စိတ်မြန်ကိုယ်မြန်ရှိတတ်ကြတယ်။ လုပ်တော့မယ်ဆိုရင် ကြိုတင်ပြင်ဆင်ထားတာမျိုး ရှိရှိမရှိရှိ လုပ်ကိုလုပ်လိုက်ရမှ ကျေနပ်တတ်ကြတယ်။ တဇောက်ကန်းလုပ်တတ်သူတွေဆိုပါတော့ကွယ်။ ဘာကိုမှ မမြင် မတွေးတော့ဘဲ ကိုယ့်ဆန္ဒတစ်ခုတည်းကိုပဲ ရှေ့တန်းတင်တတ်သူတွေပေါ့။ အဲဒီလို လူမျိုးတွေဟာ အမှားများများတွေ့ကြသူတွေဖြစ်တယ်။ ကလေးတို့ အတုမယူကြနဲ့နော်။

ဒါကြောင့် ဒီစကားပုံလေးအတိုင်း ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်ဆိုသလို အချိန်နည်းနည်းပြန်ယူပြီး အခြေအနေကို အကဲခတ်ရမယ်။ အတိုင်းအတာကို မှန်းဆရမယ်၊ အရှုံးအနိုင်ကို တွက်ချက်ရမယ်။

ပွဲမဝင်ခင် ပြင်ကကျင်းပဆိုတဲ့ စကားပုံလိုပဲ ဇာတ်ပွဲတစ်ပွဲမကခင်မှာ ကြို

mgyoe.com

mgyoe.com


တင်ဇာတ်တိုက်ထားမှသာ အလွဲအချော်မရှိ ညီညီညာညာ ကပြနိုင်မယ်မဟုတ်လားကလေးတို့ရေ။

မိမိဘက်က လုံလောက်တဲ့ ပြင်ဆင်ဖြည့်ဆည်းမှုရှိပြီဆိုမှ ရှေ့ကိုတိုးပါ။ ဒါမှလည်း လှုပ်ရှားမှုမှာ အင်အားတွေပါလာနိုင်မယ်၊ အောင်မြင်မှုရနိုင်မယ်။ သဘောပေါက်ဖို့ လိုတယ်နော်။

၀

mgyoe.com

mgyoe.com


# အနာခံမှ အသာစံရ

ရယူပိုင်ဆိုင်နိုင်ဖို့ဆိုတာ ထိုက်သင့်သော ရင်းနှီးပေးဆပ်မှုရှိဖို့လိုတယ် ကလေးတို့ရေ။ ဘယ်အရာမှ အလကားမရနိုင်ဘူးနော်။

ကလေးတို့ငယ်ငယ်လိုချင်တာ ပူဆာလို့ မိဘက ဝယ်ပေးတာကြောင့် ငိုရင် ရတယ်လို့များ လွယ်လွယ်မယူဆလိုက်လေနဲ့၊ လောကကြီးထဲကို ဝင်ရောက်လာတဲ့အခါမျိုးမှာတော့ လိုတိုင်းမရ၊ ငိုတိုင်းမရ၊ ဆိုတိုင်းမရ၊ ပိုတိုင်းမရဆိုတဲ့ မရခြင်းများစွာနဲ့ ကလေးတို့ ရင်ဆိုင်လာကြရလိမ့်မယ်။

စာကျက်ရင် စာကိုရမယ်။ စာကို ရွေးကျက်ရင် ရွေးရမယ်။ အားလုံးကျက်ရင် အားလုံးရမယ်။ ခဏခဏကျက်ရင် ကြေကြေညက်ညက်ရမယ်။ အဲဒီတော့ 'ရမယ်'ဆိုတာရဲ့ အတိုင်းအဆတွေကိုက အားထုတ်မှုအပေါ် မူတည်နေတတ်တာပါပဲ။ ကလေးတို့ သတိထားမိရဲ့လား။

အနာခံမှ အသာစံရတယ်ဆိုတာ အလွန်လွယ်တဲ့ တင်စားမှုပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိကြဖို့အတွက် အားပေးထားတဲ့ စကားပုံလေးပေါ့။ အဲဒီ ဇွဲ၊ လုံ့လ၊ ဝီရိယဆိုတာဟာလည်း တစ်နည်းအားဖြင့် ပေးဆပ်မှုတွေပဲ မဟုတ်လား။ များများပေးရင်တော့ များများရမှာပေါ့ကလေးတို့ရယ်။ ရသင့်တာရှိရင် ပေးသင့်တာလည်း ရှိရမှာပဲပေါ့။

ဒါပေမဲ့ ပေးသလောက်နဲ့ ညီညီမျှမျှ ထပ်တူပြန်ရလိမ့်မယ်လို့တော့ မမျှော်လင့်လိုက်စေချင်ဘူး။ ရခွင့်ရှိလောက်ပဲ ကလေးတို့ရလိမ့်မယ်။ အဲဒီရခွင့်ရှိဖို့ဆိုတာတောင် ကလေးတို့ဘက်က ပေးဆပ်နိုင်ခွင့်ရှိသလောက်နဲ့ ရင်းနှီးရမှာနော်။

တစ်ခါတလေမှာတော့ ကိုယ့်စေတနာ၊ ကိုယ့်အနစ်နာခံမှုတွေဟာ သဲသွန်တဲ့ရေလို အလဟဿဖြစ်သွားရတာမျိုးတွေလည်း ကြုံရတတ်သေးတယ်။ နောက်ဆုံးတော့ကွယ်၊ လိုသလောက်မရခဲ့ရင်တောင်မှ ရသလောက်နဲ့ ရောင့်ရဲတတ်လိုက်

mgyoe.com

mgyoe.com


ဖို့ ကြိုးစားထားပါ။

ဘဝဆိုတာ ဖြစ်ချင်တာမဖြစ်ဘဲ ဖြစ်ချင်ရာ ဖြစ်လာတတ်တာမျိုး မဟုတ်လား ကလေးတို့ရယ်။

၀

mgyoe.com

mgyoe.com


# တုံးတိုက်တိုက် ကျားကိုက်ကိုက်

ရှေ့ကိုမကြည့်တော့ဘဲ မိမိရဲ့ဆန္ဒကို ဦးစားပေးပြီး တုံးပဲတိုက်တိုက်၊ ကျားပဲကိုက်ကိုက် တစ်ဖွတ်ထိုး ဖွတ်တိုးသွားတတ်သူတွေကို ရည်ညွှန်းတဲ့ စကားပုံလေးပေါ့။ ကလေးတို့ရေ၊ အဲဒီလို လူမျိုးတွေကို အားမကျလိုက်လေနဲ့နော်။

တကယ်တော့ ဆုံးဖြတ်ချက်ချပြီးရင် နောက်မတွန့်ဘဲ တစိုက်မတ်မတ် အားထုတ်ကြိုးစားတတ်ခြင်းဟာ ကောင်းမွန်တဲ့ စရိုက်တစ်ခုပါပဲ။ ဒါပေမဲ့ အန္တရာယ်ကို ကြိုတင်တွေးတောပြင်ဆင်ရှောင်ကြဉ်တတ်ခြင်းဆိုတဲ့ အရည်အချင်း မပါဘဲ တဇောက်ကန်း တစ်လမ်းသွားလုပ်လို့ကတော့ အောင်မြင်မှုရဖို့ ခက်ခဲလိမ့်မယ်။

ကလေးတို့သွားမယ့်လမ်းမှာ တုံးရှိသလား၊ ကျားရောရှိသလား။ ဒါဖြင့် တုံးကို ကျော်တက်အောင် ကျားကို ဆော်တတ်အောင် အရင်လေ့ကျင့်ထားရမယ်။

တချို့လူတွေဟာ မိမိစိတ်ကို သိပ်ပြီး အလိုလိုက်တတ်ကြတယ်။ စိတ်ထဲမှာ ဖြစ်ချင်တဲ့ဆန္ဒပြင်းပြလာတာနဲ့ မရမနေကြိုးစားတတ်ကြတယ်။ အစဉ်အလာတွေကို ရိုက်ချိုးဖျက်ဆီးရမှာလည်း ဝန်မလေးကြတော့ဘူး။ တားဆီးပိတ်ပင်မှုတွေကိုလည်း အရေးမထားတော့ဘူး။ သုခမရချင်နေ၊ ဒုက္ခကို ရင်ဆိုင်ရမယ်မှန်း သိလျက်နဲ့ နောက်မဆုတ်နိုင်ကြသူတွေ လောကမှာ အများကြီးပဲရှိတယ် ကလေးတို့ရေ။

ဒီစကားပုံလေးကို အားပေးမှုအဖြစ် အသုံးပြုတဲ့သူတွေလည်း ရှိတယ်။ နောင်ရိုးတိုက်ပွဲဆိုတာ ကလေးတို့ ကြားဖူးကြသလား။ ဘုရင့်နောင်ဟာ နောင်ရိုးတိုက်ပွဲမှာ နောက်ပြန်မလှည့်ဘူးဆိုတဲ့စိတ်နဲ့ ဖောင်ဖျက်ပြီး မရမက ဖွတ်တိုးတိုက်ခိုက်ရာက အောင်မြင်သွားခဲ့ရတဲ့ သမိုင်းဖြစ်စဉ်တစ်ခုပေါ့။ ဒါကြောင့် တစ်ခါ

mgyoe.com

mgyoe.com


တလေမှာတော့ အခြေအနေဆိုတာ ပုံသေတွက်ဆလို့မရတာ ရှိနေတတ်ပါတယ်။ မဖြစ်မနေလုပ်ရတဲ့အခါမျိုးဆိုတာ ရှိတယ်လေ။

ဘယ်လောက်ပဲတော်တော် ဒီတောင်ကို မကျော်နိုင်သူတွေရှိနေတတ်သလို မမြင်မကန်း ရှေ့ကိုတိုးလှမ်းသွားရင်းနဲ့ပဲ လမ်းသစ်တွေ့သွားသူတွေလည်း ရှိနေတတ်တယ်။ ဘာပဲဖြစ်ဖြစ် သတိထားဖို့ မှာလိုက်ချင်ပါတယ်။ သတိဆိုတာ ပိုတယ်မရှိပါဘူး ကလေးတို့ရယ်။

၀

mgyoe.com

mgyoe.com


# သတိမမူ ဂူမမြင်

သတိမမူရင်တော့ ဂူကြီးတစ်လုံးတောင်မှ မမြင်ဘဲ ဝင်တိုက်မိမှာ သေချာတယ်ကလေးတို့ရေ။ သတိသာမူမယ်ဆိုရင် အလွန်သေးငယ်တဲ့ မြူမှုန်ကလေးကိုတောင်မှ မြင်နိုင်တယ်။ တကယ်တော့ 'သတိ'ဆိုတာ အသိတရားရှိသူတွေရဲ့ လက်ကတုံးတောင်ဝှေးတစ်ခုဖြစ်တယ်။ အသိဉာဏ်ရင့်ကျက်သူတွေဟာ သတိကို ဘယ်တော့မှ လက်မလွှတ်ကြဘူး။

တကယ်တော့ သတိထားတယ်ဆိုတာဟာ အလေးအနက်ရှိမှုရဲ့ သင်္ကေတပါပဲ။ စိတ်ဝင်စားခြင်းရဲ့ လက္ခဏာလည်း ဖြစ်တယ်။ သတိမေ့တယ်ဆိုတာ သတိဆောင်မထားတတ်သူတွေရဲ့ ချွတ်ယွင်းချက်တစ်ခုပေါ့။ မေ့မျောသွားတဲ့သူကို သတိလစ်သွားတယ်လို့ ပြောကြတယ်မဟုတ်လား။

သတိဆိုတာ ဦးနှောက်ရဲ့ ထိန်းချုပ်မှုတစ်မျိုးပဲ ကလေးတို့ရဲ့။ ဦးနှောက်မှာတော့ အသိဆိုတာ ရှိတာပေါ့။ ဒါကြောင့် သတိကို အသိက ထိန်းချုပ်ထားတယ်လို့ ဆိုနိုင်တယ်။

တချို့များကျတော့ အသိတရားကတောင် မထိန်းချုပ်လိုက်နိုင်ဘဲ သတိလက်လွှတ်ပြောဆိုလုပ်ကိုင်ပစ်တတ်ကြတယ်။ ဒါကို ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်းလို့ ခေါ်တယ်။ ဆင်ခြင်တုံတရားဆိုတာ အသိတရားက ဆင်းသက်လာတဲ့ အရည်အချင်းတစ်ရပ်ပေါ့ကလေးတို့ရယ်။ ဆင်ခြင်တတ်သူတွေဟာ သတိရှိကြစမြဲပဲလေ။

တစ်ခါတလေမှာတော့ ပညာရှိသတိဖြစ်ခဲဆိုတာ ရှိတယ်။ အသိလွန်ပြီး သတိက ကျော်သွားမိတာမျိုးပေါ့ကွယ်။ သိတာတတ်တာတွေများလာတော့ သတိထားဆင်ခြင်ရမယ့်အချက်တွေကိုထည့်မတွက်မိတော့ဘူးလေ။ ဒါကြောင့်လည်း မမှားသောရှေ့နေ၊မသေသောဆေးသမားရယ်လို့မရှိဘူးဆိုပြီးပြောကြတာပေါ့ကွယ်။

mgyoe.com

mgyoe.com


ကလေးတို့ရေ။ ဘယ်နေရာမဆို သတိကို လက်မလွှတ်ပါစေနဲ့နော်။ ကိုယ့်ဘဝကိုယ် အမြဲသတိရပါ။ ဘဝမမေ့ပါနဲ့။ ကိုယ့်ရည်မှန်းချက်ကိုယ် အမြဲသတိရှိပါ၊ လမ်းမလွဲချော်သွားပါစေနဲ့၊ ကိုယ့်လုပ်ရပ်အပေါ် အမြဲသတိထားပါ။ သူတစ်ပါးကို မထိခိုက်ပါစေနဲ့၊ ကိုယ့်ကိုယ်ကိုယ် အမြဲသတိပေးပါ။ သတိဆိုတာ ပိုတယ်မရှိ၊ လိုတယ်လို့သာ ရှိသတဲ့ ကလေးတို့ရေ။

၀

mgyoe.com

mgyoe.com


# ယုန်တောင်ပြေး ခွေးမြောက်လိုက်

အလွဲလွဲအချော်ချော်ဖြစ်ရတဲ့ အခြေအနေမျိုးမှာ ဒီစကားပုံလေးကို သုံးနှုန်းလေ့ရှိတယ်။ ယုန်က တောင်အရပ်ကို ပြေးသွားပြီး ခွေးက မြောက်အရပ်ကို လိုက်မှတော့ ဘယ်လိုလုပ် မိနိုင်ပါတော့မလဲ။ လမ်းလွဲသွားရပြီပေါ့နော်။ ရေလိုက်လွဲတယ်ဆိုတာ ဒါမျိုးပါပဲကွယ်။

ကလေးတို့ရေ ...။ ရေလိုက်ငါးလိုက်နေတတ်အောင် ကြိုးစားကြရမယ်နော်။ လူ့ပတ်ဝန်းကျင်မှာ လူတွေနဲ့ နေထိုင်ဆက်ဆံရတဲ့အခါ လိုက်လျောညီထွေနေတတ်ခြင်းဆိုတဲ့ အရည်အချင်းရှိဖို့ အင်မတန်လိုအပ်တယ်။

တစ်ခါတလေ ကိုယ်က ယုန်လိုရှေ့က ပြေးသွားရဖို့ အခွင့်အရေးတွေ့လာတဲ့အခါ သွက်သွက်ပြေးပါ။ နောက်ပြန်လှည့်မကြည့်ပါနဲ့။ အားသွန်ခွန်စိုက်ပြေးပါ။ နည်းနည်းကလေးမှ မနားလိုက်ပါနဲ့။ ဒါမှလည်း လိုရာခရီးကို အချိန်မီ ရောက်နိုင်လိမ့်မယ်။

တစ်ခါတလေ ကိုယ်က ခွေးလို နောက်ကလိုက်သွားရဖို့ တိုက်တွန်းမှုတွေ ရှိလာတတ်ပြန်တယ်။ အဲဒီအခါ ခြေရာကောက်တတ်ပါစေ။ မြန်မြန်လိုက်ပါ။ အချိန်မဖြုန်းပါနဲ့၊ အားမလျှော့ပါနဲ့။

ဘဝမှာ ကိုယ်ကချည်း ဦးဆောင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ရှေ့သွားကို ကြည့်တတ်ဖို့ လိုပါတယ်။ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ဖို့လည်း လိုပါတယ်။

ခုတ်ရာတခြား၊ ရှရာတလွဲဆိုတဲ့ စကားပုံနဲ့ တစ်သဘောတည်းပဲပေါ့ကွယ်။ ကိုယ်ရည်မှန်းတာက တစ်မျိုး၊ ကိုယ်တကယ်လုပ်လိုက်တာက တစ်မျိုး၊ အလွဲလွဲ အချော်ချော်ဖြစ်တတ်တဲ့ သဘာဝကို ကလေးတို့ သတိထားတတ်ဖို့ လိုတယ်။

mgyoe.com

mgyoe.com


အရေးကြီးတာကတော့ မျက်ခြည်မပြတ်စေဖို့ပဲ။ တတ်နိုင်ရင် ယုန်နဲ့အတူ ပြေးနိုင်အောင်လည်း ကြိုးစား၊ ခွေးနဲ့အတူ လိုက်နိုင်အောင်လည်း ကြိုးစား။ ရှေ့က လည်း သွားတတ်ပစေ၊ နောက်ကလည်း လိုက်တတ်ပစေ။ လိုက်လျောညီထွေ ပြောဆိုဆက်ဆံနေထိုင်ကျင့်ကြံတတ်သူတွေဟာ လူလိမ္မာတွေပါပဲ။

၀

mgyoe.com

mgyoe.com


# မလျှော့မတင်း စောင်းကြိုးညှင်း

စောင်းသံကို သာသာယာယာဖြစ်စေချင်ရင် စောင်းကြိုးကို မလျော့လွန်း၊ မတင်းလွန်း ညှိရသလို အရာရာအဆင်ပြေချောမွေ့အောင် မယုတ်မလွန် ကျင့်ကြံပြောဆိုရတယ်ဆိုတဲ့ ဆုံးမစကားပုံလေးပေါ့ ကလေးတို့ရေ။ နေရာတိုင်းမှာ အလယ်အလတ်လမ်းစဉ်ကိုပဲ ကျင့်သုံးရမယ်လို့ ဆိုလိုတယ်။

ကလေးတို့ကို လူကြီးမိဘတွေက ဆုံးမတဲ့အခါ ဒီနည်းလမ်းကို သုံးကြရတာပေါ့။ အတင်းအကျပ်ခိုင်းရင် ကလေးတို့ ဘယ်ကြိုက်ပါ့မလဲ။ အဲသလိုပဲ ကလေးတို့အလိုကိုလိုက်ပြီး ခွင့်ပေးနေရမယ်ဆိုတာမျိုးလည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး။

လူရယ်လို့ဖြစ်လာရင် ဆိုဆုံးမတာကိုလည်း ခံရမယ်၊ ထိန်းကျောင်းပဲ့ပြင်တာကိုလည်း ခံရမယ်။ လူတွေဆိုဘာ ဝေဖန်တတ်ကြတယ် ကလေးတို့ရေ။ ဒါကြောင့် ချော့တိုင်းလည်း မပျော့ကြနဲ့၊ လျှော့တိုင်းလည်း မလျော့ကြလေနဲ့။ မြှောက်တိုင်းလည်း မမြောက်ကြနဲ့၊ ခြောက်တိုင်းလည်း မကြောက်ကြလေနဲ့။ စိတ်ကို တစ်သမတ်တည်းထားဖို့လိုတယ်။

ကလေးတို့အရွယ်မှာ အဲဒီလိုလေ့ကျင့်ဖို့ခက်တာပေါ့နော်။ ဝမ်းနည်းရင် ငိုလိုက်ရမှ၊ ပျော်ရင် ရယ်မောလိုက်ရမှဆိုတဲ့ ကလေးသဘာဝက ရှိတာကိုး။ ဒါပေမဲ့ တဖြည်းဖြည်း ထိန်းချုပ်ကျင့်ကလေး မွေးကြည့်ကြစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ့်လူ့လောကကြီးထဲကို ရောက်တဲ့အခါ ကိုယ့်ဆန္ဒအတိုင်း ဖြစ်မလာတတ်ဘူးလေ။ အမြဲတမ်း ငိုနေလို့ ဖြစ်ပါ့မလား။ ဒေါသထွက်နေလို့ရော ဖြစ်ပါ့မလား။ စိတ်ကို အလယ်အလတ်မှာ ထားနိုင်ဖို့လိုတယ်။

အောင်မြင်တဲ့အခါလည်းရှိ၊ ဆုံးရှုံးတဲ့အခါလည်း ရှိတတ်တဲ့ လောကကြီးကို ခံနိုင်ရည်နဲ့ ရင်ဆိုင်သွားကြရမယ်။ စိတ်ဓာတ်ဟာ အရေးအကြီးဆုံးပဲနော်။

mgyoe.com

mgyoe.com


စိတ်ဓာတ်ကျမသွားစေနဲ့။ အပျော်လွန်မသွားစေနဲ့။ လုပ်ချင်တာကို အဆမတန် ထိန်းချုပ်မထားနဲ့။ လုပ်ချင်ရာကိုလည်း လက်လွတ်စပယ် မလုပ်လိုက်ပါနဲ့။

ကန့်သတ်မှုဆိုတဲ့ လောကနီတိဘောင်ထဲမှာ ကြိုးစားကြည့်ပါ ကလေးတို့ရေ။ အဲဒီဘောင်ဆိုတာ စည်းကမ်း၊ ဝတ္တရား၊ တာဝန်၊ အချိန်ကာလ၊ အသက်အရွယ်၊ ဥပဒေ စတာတွေဖြစ်တယ်။ ကလေးတို့သဘောပေါက်ပါတယ်နော်။

○

mgyoe.com

mgyoe.com


# ငါးသိုင်းများတော့ ဟင်းဟုံ

ပြောဖန်များတော့ ရိုးအီသွားတဲ့သဘောကို ဒီစကားပုံလေးနဲ့ ခိုင်းနှိုင်းတတ်ကြတယ် ကလေးတို့ရေ။ ဟုံတယ်ဆိုတာ ခံစားမှုမဲ့ခြင်းတစ်မျိုးဖြစ်တယ်။ ဟင်းချက်တဲ့နေရာမှာ ငါးသိုင်းကို သင့်ရုံခတ်ရင် အရသာရှိပေမယ့် အလွန်အကျွံ ခတ်လိုက်တဲ့အခါ မူလဟင်းရဲ့အရသာ မပေါ်လွင်တော့ဘဲဖြစ်သွားတာပေါ့။ ဒီတော့ ကောင်းတယ်ဆိုတဲ့အရာတွေတောင် လိုအပ်တာထက် ပိုလွန်သွားရင် အကောင်းတွေ မပေါ်လွင်နိုင်တော့ဘူးဆိုတဲ့ သဘောပါပဲကွယ်။

လောကကြီးမှာ အဲဒီလိုအဖြစ်မျိုးတွေ အများကြီးရှိပါတယ်။ ပြည့်ပြီးသားအိုးထဲကို လူတွေက ထပ်ထပ်ဖြည့်ထည့်နေသလိုမျိုးပေါ့။ ယိုလျှံထွက်ကျကုန်တဲ့ အခါ အလဟဿဖြစ်ရတော့တယ်လေ။

ဘာမဆို လိုသမျှရနေတဲ့သူတွေဟာ တန်ဖိုးမသိတတ်တော့ဘူးလေ။ ကြိုးစားအားထုတ်လိုမှုဆိုတာတွေမရှိတတ်တော့ဘူး။ ပေါလွန်းများလွန်းတော့ အလေးမထားတတ်တော့ဘူးပေါ့ကွယ်။

တကယ်တော့ အမှန်လိုအပ်တဲ့နေရာ၊ မပြည့်စုံတဲ့နေရာမျိုးတွေကိုသာ ဖြည့်ဆည်းတတ်ကြရမယ်။ ပေးဆပ်ခြင်းဆိုတာ မွန်မြတ်တဲ့ အကျင့်စရိုက်ဖြစ်ပေမယ့် နည်းလမ်းမှန်ကန်မှုရှိဖို့လိုတယ်။ လေပြည့်နေတဲ့ ဘောလုံးထဲကို လေတွေ ထပ်ဖြည့်ရင် ကွဲထွက်သွားရုံပေါ့ကွယ်။

ဒါကြောင့် ဘယ်နေရာမဆို လိုအပ်မှသာ ဆောင်ရွက်ပါ။ လိုသလောက် လုပ်ပါ။ အပိုတွေ မလုပ်ပါနဲ့။ မိမိရဲ့ လုပ်အား၊ မိမိရဲ့ ငွေကြေး၊ မိမိရဲ့ စေတနာတွေကို သဲထဲရေသွန် မဖြစ်ပါစေနဲ့။

ဆူလွန်း ငေါက်လွန်းလို့ ထုံပေပေဖြစ်သွားတတ်တဲ့ကလေးတွေ အန်တီတွေ့ဖူးတယ်။ ကြာလာတော့ ဂရုမစိုက်တော့တဲ့ သဘောပေါ့။ ဒါကြောင့် ကလေး

mgyoe.com

mgyoe.com


တို့ကို သိပ်ပြီး ရှည်ရှည်ဝေးဝေးမဆုံးမချင်ပါဘူး။ ကလေးတို့ ယူတတ်ရင် ရမယ်၊ မယူတတ်ရင် မရဘူး။ ဒါပဲပေါ့ကွယ်။

ခဏခဏပြောလို့ ထုံသွားမယ့်အစား အမှတ်သညာခြေရှိရှိနဲ့ ပြုပြင်တတ်တဲ့ ကလေးတွေ ဖြစ်ကြပါစေနော်။

၀

mgyoe.com

mgyoe.com

# ဆိုခဲစေ မြဲစေ

စကားတစ်ခွန်းကို လွယ်လွယ်ကူကူနဲ့ မပြောမိစေဖို့၊ ကတိတစ်လုံးကို ပေါ့ပေါ့တန်တန် မပေးမိစေဖို့ သတိပေးပါရစေကလေးတို့ရေ။ ဆိုခဲစေ မြဲစေတဲ့ နော်။ ကိုယ်က ပြောမိတဲ့စကား တည်ရမယ်။ ကိုယ်က ပေးမိတဲ့ကတိ တည်ရမယ်။ တည်ကြည်ခြင်းဆိုတာ ရိုးသားခြင်းရဲ့ စရိုက်တစ်မျိုးပဲ။

စကားများများပြောတဲ့အကျင့်ကို မမွေးစေချင်ဘူးနော်။ လူကြီးတွေဟာ ကလေးတွေကို ငယ်ငယ်တုန်းမှာသာ စကားတွေ အများကြီးပြောတတ်စေချင်ကြတာလေ။ နည်းနည်းကြီးလာလို့ စကားများရင် နေရာတကာ ဝင်လျှာရှည်တယ်လို့ အပြစ်တင်ကြရော။ အရွယ်ရောက်လာတဲ့အထိ အဲဒီအကျင့်ကြီး ပါသွားရင်လည်း လူတကာအလယ်မှာ လေပေါသူအဖြစ် နာမည်တွင်သွားလိမ့်မယ်။

လေပေါတာ အပြစ်မဟုတ်ပေမယ့် အဲဒီလို လေနဲ့ပြောသမျှ တကယ်အလုပ်မဖြစ်လာရင်တော့ လူပေါ်အဖြစ် သတ်မှတ်ခံရလိမ့်မယ် ကလေးတို့ရေ။ ဒါကြောင့် စကားကို ချင့်ချင့်ချိန်ချိန်ပြောပါ။ ထိန်းထိန်းသိမ်းသိမ်းပြောပါ။ ကိုယ်ပြောသမျှ အရာထင်လာနိုင်တဲ့စကားမျိုးကို ရွေးချယ်ပြောပါ။

မင်းမှာသစ္စာ၊ လူမှာကတိ ဆိုတဲ့အတိုင်းပေါ့ကွယ်။ ကတိသစ္စာဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားဖြစ်တယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ရတဲ့သူဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် မွေးရမယ် ကလေးတို့ရေ။ ကလေးတို့နားလည်အောင် အန်တီရှင်းပြမယ်နော်။

မိဘတွေက ကလေးတို့ရဲ့ ငယ်ဘဝလေးကို မွေးပေးခဲ့ကြတယ်။ ကြီးကောင်ဝင်လာတာနဲ့အမျှ ကလေးတို့ဘဝကို ကလေးတို့ကိုယ်တိုင် မွေးကြရမယ်။ ကလေးတို့မွေးမယ့် ကလေးတို့ဘဝလေး လူလားမြောက် ထွန်းပေါက် ထူးချွန်လာဖို့ဆိုတာ ကလေးတို့ရဲ့အရည်အချင်းအပေါ်မှာ မူတည်တယ်။

mgyoe.com

mgyoe.com


·.· ဒီတော့ အနက်တိရေးပြတဲ့ ဒီစကားပုံဆုံမစကားလေးတွေကို သေသေချာချာ ဖတ်မှတ်လိုက်နာဖို့ ကြိုးစားကြစေချင်တယ်။ ဒါတွေဟာ ကလေးတို့ဘဝကို မွေးဖွားရာမှာ အထောက်အပံ့ပေးပါလိမ့်မယ်။ ကလေးတို့ နားလည်စွာ ခံယူကြပါ။

၀

mgyoe.com

# ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ

လောကမှာ ဘယ်လိုအမှုကိစ္စမျိုးကိုမဆို လုပ်ကိုင်ဆောင်ရွက်တဲ့အခါ တစ်ဖက်စွန်းမရောက်အောင် သတိပေးထားတဲ့စကားပုံလေးဖြစ်ပါတယ်။ ဘာနဲ့တူသလဲဆိုရင် မလျော့မတင်း စောင်းကြိုးညင်းဆိုတဲ့ သဘောလိုပါပဲ။

စောင်းတီးတဲ့အခါ စောင်းကြိုးကို တင်းလွန်းစေရင် အသံမသာဘဲ ပြတ်တတ်တယ်။ လျော့လွန်းရင်လည်း နားဝင်မချိုတော့ဘူးလေ။ ဒါကြောင့် တင်းလွန်းလျှင် ပြတ်၊ လျော့လွန်းလျှင် ပတ်ဆိုတဲ့ ဆိုရိုးစကားရှိထားတာပေါ့ကွယ်။ ဘယ်နေရာမဆို အလယ်အလတ်လမ်းစဉ်အတိုင်း ကျင့်ကြံကြရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ကလေးတို့ရေ။ အန်တီတို့မိဘတွေဘက်ကလည်း သားသမီးတွေကို အလိုလိုက်လွန်းခြင်း မဖြစ်ရအောင်၊ စည်းကမ်းတင်းကျပ်လွန်းခြင်းမဖြစ်ရအောင် ကြိုးစားကြရမှာပဲလေ။ ဒါကို မိဘတိုင်း နားလည်ဖို့လည်း လိုတယ်။ တချို့မိဘတွေက ဖြစ်စေချင်လွန်းစိတ် သိပ်များတတ်ကြတယ်ကွဲ့။ အဲဒီလို မိဘမျိုးကို ကလေးတို့က စိတ်မဆိုးကြရဘူးနော်။ မိဘတွေကို အကျိုးသင့်အကြောင်းသင့် ကလေးတို့က ပြန်ရှင်းပြတတ်ရမယ်။ ကလေးတို့ဘက်ကလည်း အနေအထိုင် အပြောအဆို ကြိုးစားမှုနဲ့ အပျော်အပါးကို သင့်တင့်မျှတမှုရှိအောင် လေ့ကျင့်ရမယ်။

စာအုပ်နဲ့မျက်နှာမခွာဘဲ စာကျက်လွန်းတဲ့အခါ ကျန်းမာရေးကို ထိခိုက်ပြီး စာမေးပွဲဖြေတော့မှ မူးလဲတာမျိုး ကြုံရတတ်တယ်။ နေ့စဉ် စာမှန်မှန်မကျက်ဘဲ စာမေးပွဲနီးမှ မအိပ်မနေကျက်ပြန်ရင်လည်း စာက ဦးနှောက်ထဲ မဝင်တော့ဘူး။ ဒါကြောင့် စာကို နှစ်စက နှစ်ဆုံးအထိ ပုံမှန်ကျက်မှတ်နေရမယ်။

သစ်ကိုင်းတစ်ကိုင်းတည်းမှာ ရှဥ့်လည်းလျှောက်သာ ပျားအုံလည်း ဖွဲ့သာရမယ်။ ဒါမှလည်း နှစ်ဦးနှစ်ဖက် အကျိုးရှိမယ်၊ မျှတမယ်။ ဒါကြောင့်

mgyoe.com

mgyoe.com


ကလေးတို့ လူ့လောကကြီးဆီကို ခြေဆန့်ဝင်လာတဲ့အခါ ဒီစကားပုံလေးအတိုင်း တစ်ဖက်စွန်းမရောက်အောင် သတိနဲ့ ဆင်ခြင်ကြရမယ်နော်။

တစ်ကိုယ်ကောင်းမဆန်ကြဖို့ အရေးကြီးတယ်ကလေးတို့ရေ။ သူ့ဘက် ကိုယ့်ဘက်မျှပါစေ။

၀

mgyoe.com

mgyoe.com


# ပျက်အစဉ် ပြင်ခဏ

လူဆိုတာ မွေးကတည်းက ဘာမှ သိလာ တတ်လာတာမဟုတ်ပါဘူး ကလေးတို့ရေ။ တဖြည်းဖြည်းနဲ့ သင်ယူလေ့ကျင့်မှတ်သားကြံစည်အားထုတ်ကြရတာမျိုးပါ။ ဒီတော့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းဆိုတာဟာလည်း အမှားကို တွေ့ဖူးမှ အမှန်ကို ရှာဖူးမှ ရရှိနိုင်တာမျိုးပါ။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းဆိုတာ 'ပညာ'ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တယ်။

ဒီတော့ ပညာရဖို့အတွက် မှားမှာ မကြောက်ပါနဲ့။ နောင်တလည်း မရပါနဲ့၊ အမှားအပေါ် ပညာယူပါ။ ဒါပေမဲ့ အမြဲတမ်းမှားမနေဖို့တော့ လိုတယ်နော်။ အမှားတွေ အပျက်တွေပေါ်မှာ အိပ်မောကျမနေဖို့လိုတယ်။ ဘာကြောင့် မှားရပျက်ရသလဲဆိုတဲ့ အဖြေကို ရှာရမယ်။ အမှန်ကို ရှာရမယ်။ စူးစမ်းဆင်ခြင်စိတ်ရှိရမယ် ကလေးတို့ရေ။

တကယ်တော့ အမှန်တရားဆိုတာ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်တဲ့ သယံဇာတ တွင်းထွက်ပစ္စည်းလိုမျိုးမဟုတ်ဘူး။ တူးဆွရမယ်၊ ငုတ်လျှိုးယူရမယ်၊ တက်လှမ်းယူရမယ်။ အဲဒီအတွက် ကလေးတို့မှာ သတ္တိရှိဖို့လိုတယ်။ ဇွဲရှိဖို့လိုတယ်။

အမှားကို မြင်၊ အမှန်ကို သိလာတဲ့အခါ ပြင်ဆင်လိုက်နိုင်ဖို့ ကြိုးစားရမယ်နော်။ အဲဒီနေရာမှာလည်း လုံ့လနဲ့ ဝီရိယတို့လိုသေးတယ်။ ပြီးတော့ ဆန္ဒနဲ့ မျှော်လင့်ချက်ဆိုတာလည်း လိုသေးတယ်။

ကလေးတို့ရေ မျှော်လင့်ချက်ဆိုတာ ဘဝကို မောင်းနှင်ပေးမယ့် အင်ဂျင်စက်တစ်လုံးပါပဲ။ ဆန္ဒဆိုတာ အင်ဂျင်ဝိုင်နေရာမှာ ရှိတယ်။ မျှော်လင့်ချက်ကသာ နဘေးနားပါမလာရင် ဘဝဆိုတာ လုံးလုံးရပ်တန့်သွားမှာ သေချာတယ်။ ဒီတော့ ပန်းတိုင်ရှိပါစေ။ ကြိုးစားမောင်းနှင်ပါ။

စက်ကိရိယာဆိုတာတောင်မှ မကြာခဏ သုံးဖန်များရင် ပျက်တတ်

mgyoe.com

mgyoe.com


တယ်မဟုတ်လားကွယ်။ ပျက်နေတာကို မပြင်ဘဲထားရင် အစဉ်သဖြင့် မတည်မြဲနိုင်ဘူးနော်။ ပြင်တဲ့နေရာမှာလည်း တစ်ခဏတာကလေးသုံးလို့ရအောင် ပြင်မယ်ဆိုရင် ခဏခဏ ပြန်ပြန်ပျက်နေမှာ။

ဒီသဘောအတိုင်း ကလေးတို့ရဲ့ အမှားကိုလည်း သေသေချာချာစဉ်းစားသုံးသပ်ပြီး အဆုံးစွန်ထိ ပြင်ကြဖို့လိုတယ်။ ပြောတုန်းခဏ ဟုတ်ကဲ့လုပ်တာဟာ ရေရှည်မခိုင်မြဲဘူးနော်။ ပြင်ဆင်လိုက်မယ်ဆိုရင် ခဏလေးပါကွယ်။ သေချာ နားလည်သဘောပေါက်ဖို့သာ လိုပါတယ်။ နားလည်မှ ပြုပြင်ပါ။ နားလည်အောင်လုပ်ပါ။ ပျက်အစဉ် ပြင်ခဏပါ ကလေးတို့ရေ။

၀

mgyoe.com

mgyoe.com

# ဖားတုလို့ ခရုခုန်

အဲဒီစကားပုံလေးကတော့ မတူရင် မတုနဲ့၊ မိမိသာ ဘဝပျက်ရမယ်ဆိုတဲ့ သင်ခန်းစာတစ်ပုဒ်ပေါ့ကွယ်။ ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံသာရှိမယ်တဲ့နော်။ သဘာဝအရ မခုန်နိုင်တဲ့ ခရုဟာ ခုန်တတ်တဲ့ဖားကို ကိုယ့်အလုပ်မဟုတ်ဘဲ လိုက်ပြီး တုပခုန်မိတဲ့အခါ သူမှီခိုနေထိုင်တဲ့ အိုင်ကလေး ပျက်စီးသွားတာပဲ အဖတ်တင်တယ်။ အဲဒီလိုပဲ လူတွေမှာလည်း ကိုယ့်အရာမဟုတ်ဘဲ တုပယှဉ်ပြိုင်မိတဲ့အခါ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင် ပျက်စီးသွားတာ ခံရတတ်တယ်။

ကလေးတို့ရေ ကိုယ့်ဘဝကိုယ် နားလည်တတ်ခြင်းဆိုတာ လူဖြစ်လာရင် ရှိတဲ့ အရည်အချင်းတစ်မျိုးဖြစ်တယ်နော်။ ကိုယ်မျှော်လင့်နိုင်တဲ့ အတိုင်းအတာ ထက်ပိုပြီး လိုချင်တပ်မက်လို့မဖြစ်နိုင်ဘူး။ မရရအောင် ကြိုးစားရင်လည်း ကိုယ်ပဲ ဒုက္ခတွေ့ရလိမ့်မယ်။ ဖားတွေဆိုတာ ခုန်ကျော်တတ်တဲ့သဘာဝရှိပြီးသား၊ ခရု ကတော့ ဘယ်လိုမှ မခုန်နိုင်ဘူး။ ဖားကိုတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံသာ ရှိလိမ့်မယ်ကွယ်။

လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ တကယ်ရှိတယ် ကလေးတို့ရေ။ ဖြစ်နိုင်တာထက်ပိုပြီး တမ်းတနေလို့ အပိုပဲကွဲ့။ သတ်မှတ်ချက်၊ ကန့်သတ်ချက်ဆိုတဲ့ စည်းမျဉ်းစည်းကမ်းဘောင်တွေကို ဇွတ်အတင်းကျော်ဖြတ်ရင် အန္တရာယ်နဲ့ ရင်ဆိုင်ရမှာ သေချာတယ်။

လူတိုင်းမှာ ဘဝတစ်မျိုးစီရှိကြတယ်။ အလှတစ်မျိုးစီ ရှိကြတယ်။ ဒါဟာ သဘာဝရဲ့ ဖန်တီးမှု(ဘုရားသခင်ရဲ့ အလိုတော်အတိုင်း)ဖြစ်တယ်။ အဲဒါကိုလိုက် ပြီး တုပနေလို့ မဖြစ်ဘူး။ ဇွတ်အတင်းဖန်တီးလို့မဖြစ်ဘူး။

ကလေးတို့ နားလည်အောင် ပြောပြမယ်နော်။ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်ဆိုပေမယ့် မိန်းမသားတစ်ယောက်က ဘုရားဆုပန်လို့ မဖြစ်နိုင်ဘူး

mgyoe.com

mgyoe.com


မဟုတ်လားကွယ်။ 'လောကမှာ မဖြစ်သေးတာပဲရှိတယ်။ မဖြစ်နိုင်တာ မရှိဘူး' ဆိုတဲ့ စကားဟာ အားပေးမှုသက်သက်သာဖြစ်တယ်၊ အနက်တိကတော့ အဲသလို အားမပေးနိုင်ဘူး။ လောကမှာ ဘယ်လိုမှ မဖြစ်နိုင်တာတွေ အများကြီးရှိတယ်။ အဲဒီလိုမဖြစ်နိုင်တာတွေကို ဇွတ်အတင်းလုပ်ကြလို့ ဒုက္ခတွေ့ကြရတဲ့သူတွေ အများကြီးရှိတယ်ကလေးတို့ရေ။

ဒါကြောင့် ဖြစ်နိုင်တဲ့ကိစ္စကိုသာ အားထုတ်ပါ။ သူတစ်ပါးရဲ့ အောင်မြင်မှုကို အားကျပါ။ သူ့ရဲ့ ကြိုးစားမှုကို အတုယူပါ။ ဒါပေမဲ့ အတုမခိုးပါနဲ့။ ကိုယ့်ကိုယ်ကိုယ် သဘောပေါက်ပါ။ ကိုယ့်နိုင်ဝန်ကို ကိုယ်ထမ်းပါ။ ဟုတ်ပြီနော်။

၀

mgyoe.com

mgyoe.com


# ပညာရှိအမျက် အပြင်မထွက်

ရင့်ကျက်တည်ငြိမ်ခြင်းရဲ့ သဘာဝတရားကို နားလည်အောင် ကြိုးစားထားပါ ကလေးတို့ရေ။ လူဆိုတာ စိတ်နဲ့ကိုယ် တစ်သားတည်းကျနေလို့မဖြစ်ဘူး။ စိတ်လိုက်မာန်ပါလုပ်လိုက်ရင် အမှားတွေ့တတ်တယ်။ စိတ်ကို ထိန်းချုပ်ရမယ်။ စိတ်ကို ထိန်းနိုင်ခြင်းဟာ ကိုယ်ကို ထိန်းချုပ်နိုင်စေတယ်။

ပညာရှိအမျက် အပြင်မထွက်တဲ့နော်။ ပညာရှိဆိုတာ ဆင်ခြင်တုံတရားရှိသူတွေကို ဆိုလိုတယ်။ စိတ်အဆင့်အတန်းမြင့်မားတဲ့သူတွေပေါ့ကွယ်။ ပညာရှိဟာ ဒေါသကို မျိုသိပ်ထားတတ်ကြသူတွေဖြစ်တယ်။

ဒါပေမဲ့ ကလေးတို့ရေ မျိုသိပ်ထားတယ်ဆိုတာဟာ ရေရှည်အနေနဲ့ မကောင်းတဲ့အကျင့်တစ်မျိုးပါ။ မျိုသိပ်ဖန်များလို့ တင်းကျပ်ပေါက်ကွဲထွက်သွားရင် အခံရအဆိုးဆုံးပဲ။ ဒီတော့ မျိုသိပ်ထိန်းချုပ်ရင်းနဲ့ ချေဖျက်ဖျောက်ဖျက်ပစ်လိုက်နိုင်ဖို့ လိုတယ်။ အဲဒီအမျက်ဒေါသကို အာဃာတအသွင် ကူးပြောင်းပြီး သွေးအေးအေးနဲ့ တုံ့ပြန်တတ်သူမဖြစ်ဖို့ သိပ်အရေးကြီးတယ်။

လောကမှာ လူအမျိုးမျိုး စိတ်အထွေထွေမို့ လူတွေရဲ့ စိတ်တွေကို နားလည်ဖို့ မလွယ်လှဘူး။ အပြင်ပန်းပုံသဏ္ဌာန်ကိုကြည့်ပြီး ဆုံးဖြတ်လို့လည်း မရဘူး။ ဟန်ဆောင်တတ်သူတွေဟာ ပိုပြီး ကြောက်စရာကောင်းတယ်ကလေးတို့ရေ။ သူတို့ဟာ ရိုးသားမှုအတုတွေနဲ့ မျက်နှာဖုံးစွပ်ထားတတ်ကြတယ်။ အပြင်ကိုထွက်မလာတဲ့ဒေါသဟာ သူတို့ကိုယ်တွင်းမှာ တောက်လောင်နေတဲ့ မီးတောက်တွေဖြစ်နေတတ်တယ်။

ဒီတော့ ကလေးတို့အနေနဲ့ လူတွေကို သတိထားပြီး ဆက်ဆံပါ။ သူတပါးအမျက်ထွက်ရမယ့် အကြောင်းကိစ္စတွေကို ဆင်ခြင်ပါ။ လူတိုင်းဟာ အလကားနေရင်း ဒေါသထွက်မနေပါဘူး။ ဒေါသကို ဆွမပေးကြဖို့ သတိထားကြပါ။ ချစ်စကို

mgyoe.com

mgyoe.com


ရှည်ပါစေ။ မုန်းစကို တိုပါစေ။ ကလေးတို့ကိုယ်တိုင်လည်း ဒေါသနဲ့ကြုံတွေ့လာတဲ့အခါ ကိုယ်ချင်းစာစိတ်နဲ့ ခွင့်လွှတ်နားလည်ကျင့်ကို မွေးယူပါ။

ဒေါသဟာ အမှားကို ဖြစ်စေပါတယ်။ သူ့ကို နှလုံးသားနဲ့ ဦးနှောက်ထဲမှာ အလေးအပင်ခံပြီး မွေးမထားပါနဲ့။ အပြင်ကိုလည်း လွှင့်ထုတ်မပစ်ပါနဲ့။ ဒေါသကို သတ်ကျင့်မွေးထားပါ။ ဒေါသကို သတ်နိုင်သူဟာ လူတော်တစ်ယောက်ဖြစ်တယ် ကလေးတို့ရေ။

ဝ

mgyoe.com

mgyoe.com


# ဆင်သေကို ဆိတ်ရေနဲ့ဖုံး

ဒီစကားပုံကတော့ လိမ်ညာမုသားပြောတတ်သူတွေအတွက် ဆုံးမခြင်း ဖြစ်တယ်။ ဆင်ဟာ အကောင်ကြီးတယ်၊ သေနေတဲ့ ဆင်ရဲ့ကိုယ်လုံးကို မမြင်ရအောင်ဆိုပြီး ဆိတ်သားရေနဲ့ သွားဖုံးလို့ကတော့ ဘယ်လုံနိုင်ပါ့မလဲနော်။

မကောင်းမှုဆိုတဲ့ အကုသိုလ်ကိုလည်း အလွယ်တကူ ဖုံးဖိလို့ မရနိုင်ဘူး ကလေးတို့ရေ။ ကုသိုလ်ကောင်းမှုတွေ အများကြီးပြုပြီးတာတောင် တော်တော်နဲ့ မကျေနိုင်ဘူး။ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာလို့ မရသလိုမျိုးပေါ့။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိတဲ့ ကလေးတို့ သေသေချာချာမှတ်ထားကြနော်။

တကယ်တော့ ဟန်ဆောင်မှုဆိုတာ တဒင်္ဂသာယာမှုကိုပဲ ပေးနိုင်တယ် ကလေးတို့ရေ။ လိမ်တယ် ညာတယ်ဆိုတာ တစ်နေ့နေ့တစ်ချိန်ချိန် အပြေမှန် ပေါ်လာတဲ့အခါ အင်မတန်ရှက်စရာကောင်းတဲ့အလုပ်ဖြစ်တယ်။ ဟုတ်ရင်ကျော်တယ်၊ ပုပ်ရင် ပေါ်တယ်တဲ့။ ကြာရှည်ဖုံးကွယ်ထားလို့ မရနိုင်ဘူးနော်။

မမှန်ကန်တဲ့သူတွေဟာ ရင်မဆိုင်ရဲတတ်ကြသလို ဝန်မခံရဲတတ်ကြဘူး ကလေးတို့ရဲ့။ သူတို့ဟာ ရှေ့တန်းမှာလည်း မနေတတ်ကြဘူးလေ။ သူတို့ရဲ့ ဘဝဟာ သေနေတဲ့ဆင်လိုပဲ၊ ဘာများအသုံးကျနိုင်မှာလဲကွယ်။ ဒီကြားထဲ ကိုယ့်ဘဝကိုယ် ရှင်သန်အောင် မကြိုးစားဘဲ မလုံမလဲဟန်ဆောင်မှုနဲ့ အရေခွံခြုံထားလိုက်သေးတယ်။ ဘယ်လောက်မြင်မကောင်းတဲ့ အခြေအနေမျိုးလဲဆိုတာ ကလေးတို့ စဉ်းစားကြည့်ကြစမ်းပါ။

ကြီးမားတဲ့ပြဿနာကို မခိုင်လုံတဲ့ ဆင်ခြေနဲ့ ဖုံးလို့မရနိုင်ပါဘူးကွယ်။ ဘဝကို မြင့်မားတိုးတက်အောင် တည်ဆောက်လိုကြတဲ့ကလေးတို့ကတော့ အဲဒီ စကားပုံလို မမိုက်မိကြပါစေနဲ့။ အန်တီ သတိပေးပါရစေ။

မှားတဲ့သူဟာ မှားမှန်းသိလို့ အမှားကိုဝန်ခံရင် လိမ်လည်မှုမပြောက်ဘူးလို့

mgyoe.com

mgyoe.com


ဥပဒေမှာရှိတယ်။ အမှားကိုလိမ်ပြီး ထပ်ဖုံးခါမှ အမှားကပိုပြီး ကြီးသွားတာ။ မှားတဲ့အပြစ်အကြီးအသေးအပေါ်မှာ အပြစ်ပေးတာကို ခံယူရဲရမယ်။ စာမကျက်ခဲ့မိတဲ့အမှားကို ဖုံးဖိချင်လို့ နေမကောင်းဘူးညာပြီး ကျောင်းမတက်တဲ့ကလေးဟာ ကိုယ်လည်း စာနောက်ကျမယ်၊ ဆရာသိရင် ဒဏ်ပေးခံရမယ်။ အမှန်ကိုဝန်ခံရင် ဆရာက ခွင့်လွှတ်ပြီး နောင်ကျက်ဖို့ သတိပေးမယ်။ ဒါမှမဟုတ် အရိုက်ခံရမယ်။ ဒါမျိုးပေါ့နော်။

ဘယ်ဟာက ကောင်းသလဲ။ ကလေးတို့မှာ အသိဉာဏ်ရှိတယ်။ တွေးကြည့်နော်။ လောကကြီးကို အရှိကိုအရှိအတိုင်း ရင်ဆိုင်တတ်အောင် ဒီအရွယ်ကတည်းက လေ့ကျင့်ယူကြပါလားကွယ်။

၀

mgyoe.com

mgyoe.com


# ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်

တကယ်တော့ အကြောက်ဆိုတာ သတ္တိရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ် ကလေးတို့ရေ။ အန်တီခံယူထားသလို ဘာသာပြန်ရမယ်ဆိုရင်တော့ ကြောက်တယ်ဆိုတာ တွေဝေမပြတ်သားခြင်း၊ သွေးကြောင်ခြင်းပေါ့။ အဲဒီအကြောက်တရားကိုသာ လက်ကိုင်ထားနေမယ်ဆိုရင်တော့ အောင်မြင်မှုဆိုတာ အလှမ်းဝေးနေဦးတော့မှာပဲ။

မကြောက်ပါနဲ့ ကလေးတို့ရယ်။ စွန့်စားရဲပါ။ စွန့်လွှတ်ရဲပါ။ လုပ်ရဲ၊ ကိုင်ရဲ၊ ပြောရဲ၊ ဆိုရဲ၊ သွားရဲ၊ လာရဲ၊ ဝင်ရဲ၊ ထွက်ရဲ ဆိုတဲ့ ရဲစိတ်တွေကို မွေးပါ။ ဒါပေမဲ့ မိုက်ရူးရဲတော့ မဖြစ်စေနဲ့၊ လက်ရဲဇက်ရဲတော့ မဖြစ်စေနဲ့၊ ရဲတယ်ဆိုတဲ့နေရာမှာ အတိုင်းအဆတော့ ရှိရမယ်လေ။

တကယ်တော့ ရဲစိတ်ဆိုတာ အားမာန်ကို ဆိုလိုတာပါ။ ကလေးတို့အရွယ်မှာ အားမာန်အပြည့်ရှိနေရမယ်နော်။ လုပ်လိုက်ရင် မှားသွားမလားဆိုတာ တွေဝေမှုဖြစ်တယ်။ ချင့်ချိန်စဉ်းစားတတ်တယ်ဆိုတာ ကောင်းတဲ့အလေ့အထဖြစ်ပေမယ့် တွေဝေတယ်ဆိုတာကတော့ နောက်ကျကျန်ရစ်နေစေတဲ့ မပြတ်သားမှုဖြစ်တယ်။

လူတစ်ယောက်ဟာ တွေးတောဆင်ခြင်တတ်ရုံနဲ့ မပြီးသေးဘူး ကလေးတို့ရေ။ ဆုံးဖြတ်ချက် ခိုင်မာရဲရင့်ဖို့လည်း လိုသေးတယ်၊ စိုးရိမ်မှု၊ တွန့်ဆုတ်မှု၊ ပူပန်မှုဆိုတာတွေဟာ စိတ်ရဲ့အခြေခံပျော့ကွက်တွေပဲ။ အန်တီပြောခဲ့ပြီးပါပြီ။ မှားမှာ မကြောက်ပါနဲ့။ မှားရင်လည်း ချော်လဲရောထိုင် မလုပ်ပါနဲ့၊ အမှန်ကို ပြင်ဆင်ရဲပါ။ အဲဒါ တိုးတက်ခြင်းရဲ့ လမ်းစဖြစ်ပါတယ်။

ထိုင်နေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးကလေးတို့ရေ။ ကလေးတို့မှာ ခြေထောက်တွေပါတယ်။ ရပ်ပါ။ လမ်းလျှောက်ပါ။ ပြေးပါ။ တက်ပါ။ ဆင်းပါ။ ခလုတ်တိုက်တော့လည်း ဘာဖြစ်သေးလဲ။ အမိကိုချည်း တမနေနဲ့၊

mgyoe.com

mgyoe.com


ကိုယ့်အားနဲ့ကိုယ် ပြန်ရုန်းထ၊ ပြန်ဆက်လျှောက်ပါ။

လမ်းမှားနေပြီလား၊ မတွေဝေပါနဲ့၊ နောက်ပြန်လှည့်ရဲပါ။ လမ်းသစ်ရှာပါ။ လမ်းဟောင်းရဲ့ဒုက္ခတွေကို သင်ခန်းစာယူပါ။ ချောက်ထဲကျသွားပြီလား။ စိတ်မပျက်ပါနဲ့၊ အားကုန်ထုတ်ပြီး ကုတ်ကပ်ပြန်တက်ပါ။ နောက်တစ်ခါ ခြေချော်လက်ချော်မဖြစ်ဖို့ အသိနဲ့သတိကို အမြတ်ယူလိုက်ပါ။ အရေးကြီးတာက ရဲစိတ်ပါပဲ။ ကြောက်ရင် နောက်ကျနေခဲ့ရမယ်။ ရဲရင်တော့ မင်းစိုးရာဇာ မြင့်မားတဲ့ဘဝကို ပိုင်ဆိုင်ရမှာပဲ။ ဟုတ်ပြီနော်။

၀

mgyoe.com

mgyoe.com


# ဖွတ်ထွက်မှ တောင်ပို့မှန်းသိ

အရေးတကြီး ဆင်ခြင်သင့်တဲ့ စကားပုံလေးတစ်ခုပါပဲ။ 'ဘုရားမှတ်လို့ ကိုးကွယ်မိပါတယ်။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်' လို့ ပြောတတ်ကြတာ တို့ကြားဖူးကြမယ်ထင်ပါတယ်။ တောင်ပို့တစ်ခုကို ဘုရားဆင်းတုထင်ပြီး လေးလေးစားစား ကိုးကွယ်ကြည်ညိုနေလိုက်တာ တောင်ပို့ကြီးထဲက ဖွတ်သတ္တဝါ ထွက်လာမှပဲ မှားနေမှန်းသိတော့တဲ့ သင်ခန်းစာ စကားပုံလေးပါပဲ။

အဓိပ္ပာယ်ကတော့ ဘယ်သူ့ကိုမှ မစူးစမ်းမလေ့လာဘဲ အထင်မကြီးကြဖို့ ပေါ့။ တချို့လူတွေဟာ ကိုယ့်မှာ ဘာအရည်အချင်းမှမရှိဘဲ လူအထင်ကြီးအောင် ဟိတ်နဲ့ဟန်နဲ့ နေပြတတ်ကြတယ်။ အတုအပတွေ၊ မုသားစကားအလှတွေနဲ့ တန်ဆာဆင်ထားတတ်ကြတယ်။ ဒါကို ယုံကြည်ကိုးစားမိတဲ့သူတွေခမျာ သူ့ရဲ့ ပရိယာယ်ကွန်ရက်မှာ အမိခံရတော့တာပေါ့ကွယ်။

လောကကြီးမှာ အဲဒီလို လိမ်ညာစားနေတဲ့သူတွေအများကြီးရှိတယ် ကလေးတို့ရေ။ အဲဒီလိုလူမျိုးတွေမှာ ထူးထူးခြားခြား စာတမ်းကပ်ထားလေ့မရှိတာမို့ အလွယ်တကူသိနိုင်ဖို့ ခဲယဉ်းတယ်။ ကိုယ်က သူတော်ကောင်းဆိုပြီး ဆည်းကပ်နေရာက သူ အကျင့်သိက္ခာမဲ့ပြုမှပဲ မသူတော်ဖြစ်မှန်း သိရတော့တာမျိုးလေ။

ဒါပေမဲ့ အန်တီအကြံပေးမယ်နော်။ လူတစ်ယောက်ကို ကလေးတို့ စတင်ပေါင်းသင်း ရင်းနှီးတော့မယ်ဆိုရင် သူ့ကို အားကိုးအားထားပြုတော့မယ်ဆိုရင် သူ့အကြောင်းကို အရင်လေ့လာကြပါ။ လူအကြောင်း ပေါင်းမှသိရတတ်တယ်လို့ ဆိုကြပေမယ့် လူသတင်း လူချင်းဆောင်တတ်ပါတယ်။ သူ့ပတ်ဝန်းကျင်မှာ သူ့အကြောင်းအရင်စူးစမ်းကြည့်ပါဦး။ နာမည်ကောင်းဆိုတာ သတင်းမွှေးသလို နာမည်ဆိုးဆိုတာလည်း အပုပ်နံ့ထွက်တတ်ပါတယ်။ စိတ်ချရတယ်ဆိုတဲ့ ခိုင်လုံသော အထောက်အထားမရဘဲနဲ့ လူတစ်ယောက်အပေါ် ယုံကြည်မှုတွေ ပုံမအပ်

mgyoe.com

mgyoe.com


မိကြစေနဲ့နော်။

နောက်တစ်ခုကတော့ လူတွေဆိုတာ မလိုရင် မလိုသလို ပြောတတ်ကြတာကိုလည်း သတိထားရမယ်။ သူနဲ့မတည့်တာနဲ့ပဲ အဲဒီလူကို အပုပ်ချတာမျိုးဆိုရင်တော့ ဒီအပြေက ဘယ်မှန်ပါ့မလဲကွယ်။ ဒီတော့ လူတစ်ယောက်အကြောင်းကို စူးစမ်းလေ့လာတဲ့အခါမှာ တစ်ယောက်တည်းက ပြောစကားကို အတည်မယူဖို့လည်း လိုသေးတယ်။

ဖွတ်မရှိတဲ့ ဘုရားကုန်းကို တောင်ပို့လို့ ထင်မိပြီး စော်ကားမိရင် ကလေးတို့ အမှားဖြစ်သွားမယ်နော်။ ဒါကြောင့် အပြန်အလှန် ဆင်ခြင်သတိနဲ့ လေ့လာတတ်ဖို့လိုတယ်။

ဝ

mgyoe.com

mgyoe.com


# ချက်ဆို နားခွက်က မီးတောက်

ဉာဏ်ရည်ထက်မြက်တဲ့သူတွေဟာ အရိပ်ပြရုံလောက်နဲ့ အကောင်မြင် တတ်ကြတယ်ကလေးတို့ရေ။ မျက်နှာရိပ်မျက်နှာကဲခတ်တတ်ကြတယ်။ ပါးစပ် ဟလိုက်တာနဲ့ ဘာပြောတော့မယ်ဆိုတာ တန်းသိကြတယ်။ အပွေးမြင် အပင်သိ ဆိုသလိုပဲလေ။ အဲဒီလိုလူမျိုးတွေကို ချက်ဆိုနားခွက်က မီးတောက်တယ်လို့ တင်စားတတ်ကြတယ်။

သေနတ်မောင်းခလုတ်ကို ဖြုတ်လိုက်တာနဲ့တစ်ပြိုင်နက် နားခွက်က မီးပွင့်သလို အရိပ်အခြည်ကို မြင်တာနဲ့တစ်ပြိုင်နက် ချက်ချင်းသဘောပေါက်တဲ့သူ မျိုးပေါ့။ တကယ်တော့ သူတို့ဟာ အတွေ့အကြုံများတဲ့သူတွေဖြစ်တယ်။ တွေး ခေါ်မြော်မြင်တတ်သူတွေလည်း ဖြစ်ကြတယ်။ တစ်နည်းအားဖြင့် သဘောပေါက် လွယ်သူတွေလို့ ဆိုရမယ်။ လူတွေရဲ့ စိတ်နေစရိုက်အမျိုးမျိုးကို သိနားလွယ်အောင် ကြိုးစားလေ့လာထားကြသူတွေပေါ့ကလေးတို့ရယ်။

ဒီတော့ အဲဒီလိုလူမျိုးတွေက ဆက်ဆံရေးပြေပြစ်တတ်ကြတာပေါ့ကွယ်။ ဘယ်လိုပြောရင် ဘယ်လိုဖြစ်မယ်ဆိုတာ ကြိုတင်ခန့်မှန်းတတ်ကြတယ်လေ။ အရိပ်အကဲခတ် ကျွမ်းကျင်ကြသူတွေမို့ သူတို့ကို မုသားသုံးဖို့ မလွယ်ဘူး။ ညာ ရင်လည်း ချက်ချင်းသိကြတယ်။ ဖုံးကွယ်ထားတဲ့ မျက်မှန်နောက်က မျက်လုံး တွေကို အာရုံသိနဲ့ ကြည့်တတ်ကြတယ်။ သတိထား ဆက်ဆံသင့်တဲ့ လူမျိုးတွေ ပါပဲ။

ကလေးတို့ကိုယ်တိုင်လည်း အဲဒီလို အရည်အချင်းမျိုး ရှိထားသင့်တယ် လေ။ ဘူးလုံးနားမထွင်းတဲ့ ယောင်နန အတတ သဘောပေါက်မလွယ်သူ မဖြစ်စေ နဲ့။ အခွင့်အရေးဆိုတာရတုန်းမှာ သိလိုက်ဖို့လိုတယ်။ မသိရင်တော့ သိသူဖော်စား ခံလိုက်ရလိမ့်မယ်။

mgyoe.com

mgyoe.com


ဒါကြောင့် ဘယ်နေရာမှာမှ ငြိမ်ငြိမ်ကလေး ထိုင်မနေကြဖို့ မှာချင်ပါတယ် ကလေးတို့ရေ။ လူမှာ မွေးလာကတည်းက ကြည့်ဖို့ မျက်စိ၊ ကြားဖို့နား၊ ပြောဖို့ ပါးစပ်၊ တွေးဖို့ ဦးနှောက်၊ ရေးဖို့လက်၊ သွားဖို့ခြေထောက် စတဲ့ သက်ဆိုင်ရာ အင်္ဂါတွေအစုံအလင်ပါနေပြီးသားပဲလေ။ အလကားထားလို့ဖြစ်ပါ့မလား။

ဓားတစ်လက်တောင် မသွေးဘဲထားရင် တုံးတယ်။ အမြဲတမ်းသွေးမှ ထက်မြနေမှာ။ ချက်ဆို နားခွက်က မီးမတောက်တဲ့သေနတ်ဟာ ကလေးတို့ကို ကာကွယ်ပေးနိုင်မှာမဟုတ်ဘူးနော်။

ဝ

mgyoe.com

mgyoe.com

# ငါးကြင်းဆီနဲ့ ငါးကြင်းကြော်

ဒီစကားပုံလေးကတော့ ပညာရပ်တစ်မျိုးဆိုပါစို့ ကလေးတို့ရေ။ ငါးကြင်းကထွက်တဲ့ဆီကို အသုံးပြုပြီး အဲဒီငါးကြင်းကို ကြော်မယ်ဆိုရင် ဆီဖိုးငွေသက်သာတဲ့ သဘောပေါ့ကွယ်။ အဲဒီလို ဆောင်ရွက်တတ်ဖို့အတွက် ပညာလိုတယ်လေ။

အဲဒီပညာဆိုတာ အတွေ့အကြုံက ရနိုင်တယ်။ လူတစ်ယောက်ကို လက်တွဲပေါင်းသင်းတော့မယ်ဆိုရင် သူ့ဆီက ကိုယ်ဘာရနိုင်မလဲဆိုတာ လေ့လာထားသင့်တယ်။ အနက်တီဆိုလိုတာကို ကလေးတို့ အတွေးမမှားစေနဲ့ဦးနော်။ အကျိုးရှိမှ ပေါင်းသင်းရမယ်လို့ တစ်ဖက်သတ်မမြင်လိုက်နဲ့ဦး။

လူတိုင်းမှာ အရည်အချင်းတစ်မျိုးတော့ ရှိတတ်ကြစမြဲပဲမဟုတ်လားကွယ်။ သူက ကိုယ့်ကို ကူညီဖို့ဖြစ်လာတဲ့အခါ သူ့မှာရှိတဲ့ အရည်အချင်းကို ထည့်သွင်းအသုံးပြုရမယ်ဆိုတဲ့သဘောပေါ့။ အလုပ်လိုချင်လို့ လျှောက်လွှာတင်တဲ့သူတွေကို အရည်အချင်းစစ်ဆေးမှုတွေ လုပ်ရတာမျိုးပေါ့။ သူရဲ့ပညာကို ကိုယ်က သိထားရမယ်။ ဒါမှလည်း သူနဲ့သင့်တော်တဲ့တာဝန်ကို ကိုယ်ကပေးနိုင်မယ်။ ဒီအတွက် သူ့ဘက်ကလည်း အကျိုးရှိမယ်။ ကိုယ့်ဘက်မှာလည်း အကျိုးယုတ်မသွားဘူးလေ။ အဲဒါကို ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တယ်လို့ ပြောကြတာပေါ့။

လူအချင်းချင်း ရင်းနှီးပေါင်းသင်းကြတဲ့နေရာမှာ သူဘာလဲဆိုတာ ကိုယ့်အတွက် အရေးပါတယ်ကလေးတို့ရေ။ အရည်အချင်းမရှိတဲ့သူနဲ့ လက်တွဲအလုပ်လုပ်မယ်ဆိုရင် ကိုယ့်မှာအကျိုးမရှိနိုင်ဘူး။ ကျောင်းပြေးတတ်တဲ့ သူငယ်ချင်းကို ကလေးတို့ပေါင်းရင် ဘာဖြစ်မလဲ။ သူ့ကို အကူအညီပေးရင် ကလေးတို့လည်း အပြစ်ရှိမယ်။ သူလည်း အပြစ်ဖြစ်မယ်။

ပညာတော်ပြီး ချို့တဲ့သူကို ကူညီပေးရင် သူ့ဆီကပညာကို ကိုယ်ရနိုင်

mgyoe.com